
စိတ်ကူးချိုချိုအနုပညာ

# ဒဂုန်တာရာ

# မိုးညှင်းမြေ ရေညှင်းကြာ

(ဝတ္ထုတိုများ)



mgyoe.com

mgyoe.com

'မဟုတ်ပါဘူး ကေတီရယ်' ဟု လေကို နှိမ့်လျက်၊
'ကျွန်မလက်ထပ်တယ်။ လက်ထပ်ဖို့ အချိန်ရောက်လို့မှ
လက်မထပ်သေးရင် အပျိုကြီးဖြစ်သွားမှာပေါ့။ ကျွန်မဟာ
သဘောကောင်း၊ ဂုဏ်ရှိ၊ ရုပ်ချောတဲ့ ယောကျ်ားကို
မျှော်လင့်တယ်။ အခု ကျွန်မယောကျ်ားဟာ
ကျွန်မအလိုနဲ့ မဆန့်ကျင်ဘူး၊ တော်ရောပေါ့ကွယ်'။

မိုးနဲ့မြေ ... မှ

'အစိုးရဟာ အမျိုးသားအစိုးရကွဲ့၊ အရင်ကလို နိုင်ငံခြားအစိုးရ မဟုတ်ဘူး။
ဝေဖန်ရင် အတိုက်အခံကို အလုပ်အကျွေးပြုတာပဲ။ အတိုက်အခံတွေဟာ–'

'အစိုးရကို မဝေဖန်ရဘူး ဆိုတာရယ်၊ အစိုးရကို ဝေဖန်တာ အတိုက်အခံကို
အကျိုးပြုတယ်ဆိုတဲ့ အချက်ကိုတော့ မ သဘောမတူနိုင်ဘူး။ မတို့
စာရေးဆရာတွေဟာ နိုင်ငံရေးသမားတွေ မဟုတ်ဘူး။ အဲဒီအချက်ကို
ရှင်းရှင်းလင်းလင်း သိဖို့လိုတယ်။ သူတို့ဟာ အမှန်တရားကို ရှာဖွေတဲ့
လူတွေ။ သူတို့ဝေဖန်တာဟာ အမှန်တရားဘက်က ဝေဖန်တာ၊
ဝေဖန်ရေးကို အတိုက်အခံဘက် လုပ်ကျွေးတယ်ဆိုပြီး နိုင်ငံရေးအာဃာတနဲ့
မြင်ရင်တော့ ဝေဖန်ရေးရဲ့ ကောင်းကျိုးတန်ဖိုးတွေ ဆုံးရှုံးမှာပဲ။'

ရေနှင့်ကြာ ... မှ

ဒဂုန်တာရာ

မိုးနှင့်မြေ

ရေနှင့်ကြာ

(ဝတ္ထုတိုများ)

ဒဂုန်တာရာ၏
ဝတ္ထုတိုပေါင်းချုပ်များတွင်
မပါဝင်သေးသော
ဝတ္ထုတို ၁၈ ပုဒ်
စုစည်းထားပါသည်။

ISBN9789997110312
DGT8
9 789997 110312
2,700.00KS

mgyoe.com

မိုးနှင့်မြေ ရေနှင့်ကြာဝတ္ထုတိုများ ဒဂုန်တာရာ
မျက်နှာဖုံးပန်းချီ - မှတ်သုန်
စာမျက်နှာ ၂၁၅ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မိုးနှင့်မြေ ရေနှင့်ကြာ

## ဝတ္ထုတိုများ

ဒဂုန်တာရာ

စုစည်းခြင်းမပြုရသေးသောဝတ္ထုတိုများ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ပျိုးခင်းကိုဝင် | ၁ |
| ၂။ | မိုးနဲ့မြေ | ၁၃ |
| ၃။ | မေတ္တာဘွဲ့ | ၃၇ |
| ၄။ | ရေနှင့်ကြာ | ၅၀ |
| ၅။ | ဆိပ်ဖလူးရနံ့ သင်းပျံ့မွေးမြ | ၆၁ |
| ၆။ | နေကြာပွင့် | ၇၁ |
| ၇။ | ချစ်မုန်းချစ် | ၈၅ |
| ၈။ | ရေအယဉ် | ၉၃ |
| ၉။ | မြစ်အိမ်တော် | ၁၀၂ |
| ၁၀။ | နှင်းဆီပွင့် | ၁၂၂ |
| ၁၁။ | ကံ့ကော်ပွင့် | ၁၃၃ |
| ၁၂။ | နော်အဲလစ်ဇဘက်ဖူး | ၁၄၆ |


*ယခုစာအုပ်ပါ ဝတ္ထု ၂ ပုဒ်၏အမည် မိုးနဲ့မြေ၊ ရေနှင့်ကြာကိုယူ၍ ယခုစုစည်းမှုအမည်ကို မိုးနှင့်မြေ၊ ရေနှင့်ကြာဟု ပေးပါသည်။

mgyoe.com

mgyoe.com


၁၃။ ကံ့ကော်ပွင့်တာ စောနေပြီ ၁၆၃

၁၄။ ဗိသုကာ ခေမာသီရိ ၁၆၉

၁၅။ နန်းသီဂီ၏ မျိုးချစ်စိတ် ၁၇၅

၁၆။ စုံလင်ထွေပြား မြားမြောင်ရစ်ပတ် ၁၈၂

၁၇။ သက်တံရောင် ငန်းဖြူကန် ၁၉၂

၁၈။ သဇင်ဖြူလွှ ၂၀၃


❖

mgyoe.com

mgyoe.com

## ပျိုးခင်းကိုဝင်

ရမထာရွှေကြိမ်လုံးရယ်နဲ့
ထွန်ထုံးကိုတဲ့ ခြေတော်တင် နွားကြန်စုံရှင်
ပျိုးခင်းကိုဝင်
ကောင်းကင်ကရွှေတိန်ညင်းရယ်
မိုးခေါ်လို့ဆင်း။

လယ်သမားသီချင်း။

မောင်ရေချမ်းနှင့်သူ၏မယားသည် ငွေကြည်တို့ အိပ်ရာမှထကြသောအခါ မှောင်လျက်ပင်ရှိပေသေးသည်။ မောင်ရေချမ်းသည် အိပ်ရာဘေးရှိ ကဲလားကိုဖွင့် ကာ သမ်းဝေလိုက်သည်။ ငွေကြည်သည် နံနက်စောစော စားရန်အစာကို ပြင်ဆင် ရန် မီးဖိုချောင်ဘက်သို့ ကူးသွားလေသည်။

အပြင်ဘက်တွင်ကား– ကြက်တို့သည် တွန်ကျူးလျက်ရှိလေပြီ။ မြေကြီးမှ ဖြူသောအငွေ့ကြောင်းသည် ထွက်ပေါ်၍လာကာ အမှောင်တိုက်ကို ပြောက်ကျားစ ပြုလေပြီ။

အချိန်သည် အေးမြ၍ ကြယ်ရောင်ဖြင့်ဝင်းပသော မိုးဦးကျ နယုန်လ၏

mgyoe.com

mgyoe.com


အရဏ်တက်အခါဖြစ်လေသည်။

လင်မယားနှစ်ယောက်သည် ကဲလားမှ ဝင်ရောက်၍လာသော အရဏ်တက် မှုန်မွှားမွှားအရောင်နှင့် မှိုင်းခိုးတလူလူ တက်လျက်ရှိသော ရေနံဆီမီးခွက်မှ ချည့်နဲ့နဲ့ မီးရောင်တို့၏အကြားတွင် တိတ်ဆိတ်စွာ နံနက်စောစောအစာကို စား၍နေကြသည်။ သူတို့၏ နံနက်စောစောအစာမှာ ထမင်းကြမ်းခဲနှင့် လက်ဖက်ရည်ကြမ်းတို့ ဖြစ်လေသည်။ သူတို့သည် လွန်ခဲ့သောဆောင်းဦးပေါက်က လက်ထပ်ခဲ့သော လင်မယားဖြစ်ကြလေရာ သည်လိုနံနက်စောစောပူနွေးသော အိပ်ရာမှထရသည်မှာ အင်မတန် မုန်းဖို့ကောင်းလေသည်။ သို့ဖြစ်လေရာ သူတို့သည် ငြိမ်သက်စွာပင် အတွေးကိုယ်စီနှင့် စားလျက် ရှိကြသည်။ အမှန်အားဖြင့် သည်ပူနွေးသောအိပ်ရာမှ ခွာရခြင်းကြောင့် စိတ်လက်မကြည်မသာဖြစ်နေခြင်းဖြစ်လေသည်။ မောင်ရေချမ်း၏ မည်းမှောင်သော ဆံပင် ဝင်းကြည်သောမျက်လုံး၊ စိုပြည်သောအသားအရေတို့မှာ ငယ်ရွယ်ခြင်းကို ပြတ်သားစွာ ဖော်ပြကာ သူသည် အလွန်စောစွာပင် အိမ်ထောင်ကျခဲ့လေသည်။ သူသာမဟုတ် သူ၏မယားသည်မှာလည်း အတော်ပင်ငယ်ပေသေးသည်။ ငွေကြည်၏ ပါးကလေးများမှာ ငယ်ရွယ်နုနယ်သေးခြင်းကြောင့် နှင်းဆီသွေးတောက်၍နေသည်။ မျက်လုံးတို့သည် ပြာမှိုင်းကာ၍ ရွှဲ၍နေသည်။ နေ့ပူထဲတွင် အလုပ်လုပ်ရသောကြောင့် ဖွာ၍ရွှေရောင်တောက်နေသော ဆံညွန့်ဆံစကလေးများသည် လည်ကုပ်ပေါ်သို့ ဝဲကျကာ ညစ်ပေကြေမွလျက်ရှိသော သန်ဂါသီပေါက် အင်္ကျီပေါ်တွင် ရှန်းရင်းဆန်ခတ် ဖြစ်၍ နေကြလေသည်။

မောင်ရေချမ်းသည် သူတို့တောတွင် ဝတ်လေ့ရှိသော ပင်နီဖျင်ကြမ်းအင်္ကျီလက်တိုကိုဝတ်လျက်ရှိသည်။

သူတို့သည် ဤသို့တိတ်ဆိတ်ငြိမ်သက်စွာ၊ အိပ်ချင်စွာ၊ စိတ်လက်မကြည်သာစွာ စား၍နေကြသော်လည်း ရင်တွင်း၌ကား လှုပ်ရှားလျက်ရှိလေသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့အိမ်ထောင်ကျကတည်းက ပထမလင်ကိုယ် မယားကိုယ်အဖြစ် ပထမလယ်ယာလုပ်ငန်းအတွက် မျိုးစေ့ကြဲရမည့်အချိန်ဖြစ်သောကြောင့် ဖြစ်လေသည်။ သို့အတွက်လည်း သူတို့သည် ဤဝသုန်မြေကို ထွန်ယက်၍ စပါးမျိုးစေ့ကြဲရမည့် ဤနေ့၏ ထူးခြားခြင်းအဖြစ်ကို သိသိသာသာပင် ခံစားလျက်ရှိ ကြလေသည်။ သူတို့သည် အိမ်ထောင်ကျပြီးကတည်းက ဤသို့ မျိုးကြဲကာစတင်ရမည့် လယ်အလုပ်ကို မျှော်လည်းမျှော်လင့်ခဲ့သည်။ ချစ်ခဲ့သည်။ ကြောက်ခဲ့သည်။ ရင်းပြင်

mgyoe.com

mgyoe.com

ပြင်လည်း ပြင်ဆင်ခဲ့သည်။ ယခုကား သည်မျှော်လင့်ခဲ့၊ ချစ်ခဲ့၊ ကြောက်ခဲ့ ပြင်ဆင်ခဲ့သော ပျိုးကြဲရမည့်အချိန်ကို ဆိုက်ရောက်ခဲ့ပြီ။ သည်လို ငွေကြည်သည် လယ်သမားတစ်ဦး မယားသည်စိတ်ဖြင့် ထမင်းကြမ်းခဲကိုဝါးရင်း တွေးတော၍နေသည်။ အို သည့်အပြင် ဘာကိုများတွေးရဦးမှာလဲ။ လူ့ဘဝ၏ များစွာသော အခြားအရာများရှိသေးသည့်အနက် ငွေကြည်သည် သည်လိုပင် လယ်သမား လင်မယားဘဝ၏ ပျော်ရွှင်ခြင်းနှင့် စိုးရိမ်ခြင်းကိုသာ တွေးမိမည်ဖြစ်လေသည်။

သို့ရာတွင် မောင်ရေချမ်း၏စိတ်ကား အတွေးတစ်ခုပေါ်သို့သာ စူးစိုက်လျက်ရှိနေလေသည်။ သူသည် သည်အကြောင်းတစ်ခုကိုသာ တွေးတောလျက်နေသောကြောင့် လက်ဖက်ရည်ကြမ်းကိုသောက်ရာ၌ လင်းအရုဏ်နှင့် ရေနံဆီမီးခွက်တို့၏ အလင်းရောင်တွင် ရိုးသားစွာလှပသော မယားသည်၏ မျက်နှာကိုပင် မကြည့်မိဘဲရှိလေသည်။ သူတွေးနေသောအကြောင်းမှာ အိမ်ထောင်တစ်ခု၏ အကြီးအကဲအဖြစ် ခေါင်းဆောင်နိုင်ရန် အရည်အချင်း သူ့မှာရှိပါ့မလား။ သည်လိုပျိုးကြဲကာ လယ်ယာအလုပ်ကို လုပ်ကိုင်ခြင်းဖြင့် အိမ်ထောင်သည်ဘဝကို အောင်မြင်စွာ ခရီးသွားနိုင်ပါ့မလား။

နံနက်စောစော အစာစားပြီးလျှင် သူတို့သည် အိမ်နှင့်မနီးမဝေး စပါးကျီသို့သွားကာ မျိုးစပါးနှင့် အခြားလယ်လုပ်ကိရိယာများကို ယူငင်ခဲ့ကြလေသည်။ သို့ ယူငင်စဉ်တွင် တစ်ယောက်နှင့်တစ်ယောက် စကားများမိကြသည်။ မောင်ရေချမ်းသည် မထင်မရှားမှုန်မွှားသော အလင်းရောင်တွင် စပါးကျီထဲရှိ ခြင်းတောင်းတစ်တောင်းကို ခလုတ်တိုက်မိသဖြင့် တစ်စုံတစ်ရာကို ရေရွတ်လိုက်လေသည်။ တောက်... သည်လိုသာလုပ်ရရင်သေဖို့သာ...အိပ်ရာမှထကတည်းက မကြည်လင်ခဲ့သော စိတ်သည် ပေါက်ကွဲသွားလေသည်။

သို့ရာတွင် သူရေရွတ်မည့်စကားကို ရှေ့သို့မဆက်နိုင်မီ ငွေကြည်သည် သူ၏ခါးကိုဖက်ကာ မျက်နှာချင်းဆိုင်လျက်

"ကိုရေချမ်းရယ်၊ ဒီလိုနေ့မှာ ဒီလိုနိမိတ် မကောင်းတာတွေကို မလုပ်ကြပါစို့နဲ့ကွယ်" ဟု ပြောလိုက်လေသည်။

သို့ပြောလိုက်သော ငွေကြည်၏ အသံတွင်တုန်လှုပ်ချောက်ချားခြင်း ရောဖက်လျက်ရှိလေသည်။ မောင်ရေချမ်းသည် စိတ်တစ်မျိုးပြောင်းသွားကာ စိုးရိမ်လျက်ရှိသော ငွေကြည်ကို ပြန်၍ဖက်လိုက်လေသည်။
mgyoe.com

mgyoe.com


သို့ဖက်ထားရင်း မောင်ရေချမ်းသည် ကြမ်းတမ်းသော တောသား၏အသံဖြင့် "ဟုတ်တယ် ငွေကြည်ပြောတာမှန်တယ်။ ကိုယ်တို့တစ်တွေ စိတ်လက်ကြည်ကြည် သာသာနဲ့ လယ်အလုပ်ကို စကြရအောင်။ မျိုးစေ့တွေကြဲရအောင်" ဟု ရှေးအစဉ်အလာက သုံးစွဲခဲ့သော စကားလုံးများဖြင့် နှစ်သိမ့်လေသည်။

သူတို့သည် အေးမြသော မိုးဦးကျ လင်းအရုဏ်တွင် အချစ်ငွေ့ကြောင့် နွေး၍လာလေသည်။ စပါးကျီ၏အရှေ့ မန်ကျည်းပင်အောက်တွင် အိပ်သောကြက်ဖကြီးသည် လေးတွဲ့စွာ တွန်လိုက်လေသည်။ စောစောကရှိနေသော စိတ်လက်မကြည်မသာခြင်း၊ စိတ်တိုခြင်း၊ အိပ်ချင်ခြင်းတို့သည် ပျောက်ကွယ်၍ သွားကြလေပြီ။ သူတို့နှစ်ယောက်သည် မတ်တတ်ရပ်ကာ ပါးချင်းအပ်၍နေလေသည်။ အတော်ကလေးကြာမှ မောင်ရေချမ်းသည် ငွေကြည်ဖက်ထားသောလက်များကိုခွာကာ ဟန်ဆောင်ခြင်း၊ တုန်လှုပ်ခြင်းဖြင့် "ကဲ–ကဲ ငွေကြည်ရေ– ကိုယ်တို့ အလုပ်ကလေး စကြရအောင်။ ဒီထက်နောက်ကျပြီး စနေရင် နေဝင်မှပြီးမှာ" ဟု ပြောလေသည်။

သူတို့သည် အမှောင်ပါး၍ ပါး၍လာသော မှုန်တီမှုန်မွှားဝယ် ရွာမှလယ်ကွင်းဘက်သို့ လမ်းလျှောက်လာကြလေသည်။ လမ်းလျှောက်ရင်း တစ်ယောက်ကိုတစ်ယောက် စကားတစ်ခွန်းမျှ မပြောက်ဟကြ။ ပုရစ်တို့သည် တကျီကျီအော်လျက်ရှိကြသည်။ ပိုးသတ္တဝါကလေးများသည် ညည်းလျက်ရှိကြသည်။ သို့သော် သူတို့နှစ်ယောက်သည် တိတ်ဆိတ်စွာပင် ရွာမှလယ်ဘက်သို့ နီးကပ်၍လာလေသည်။

ယခုတိုင်ပင် မည်သူမျှထကြခြင်းကို မတွေ့ရပေ။ တချို့သော အိမ်များမှ မီးရောင်လက်လက်များသည် ပေါ်၍လာသည်။ အရှေ့ဘက်ကောင်းကင်တွင် ကြီးမား၍ နီနီရဲသော အက်ကြောင်းကြီးဖြစ်ထွန်း၍ လာလေပြီ။ သည်အက်ကြောင်းကြီးသည် နေမင်းကိုဖွားမြင်ရန် ပေါက်ကွဲမည့်ဟန်ပြင်နေလေပြီ။ အဝေးတွင်ကား ငှက်တို့သည် တေးကဗျာကို ကျူးသီ၍နေကြလေသည်။

မောင်ရေချမ်းသည် မျိုးစပါးထည့်ထားသောတောင်းကို လယ်ကန်သင်ရိုးပေါ်သို့ ချလိုက်ကာ ငွေကြည်အား အသာတိုးတိုးကလေး မာနလျှမ်းဟန်ဖြင့်ပြောလေသည်။

"ငွေကြည်ရေ–ကိုယ်တို့တစ်တွေ ပထမဦးဆုံးပဲဟေ့"

ထို့နောက် သူတို့သည် ခုန်သောနှလုံးဖြင့် နောက်တွင်ကျန်ရစ်သော အိမ်ရာစုကလေးကို လှည့်၍ကြည့်မိကြလေသည်။ သည်အိမ်ရာတို့ဖြင့် စုဝေးလျက်ရှိသော ကျေးရွာကား သူတို့ဘဝ၊ သူတို့လောက၏ အမြဲတေဖြစ်ပေသည်တကား။ မိုးဦးကျ

mgyoe.com

mgyoe.com


ပျိုးကြဲချိန်၏ ရွှင်လန်းဖွယ်ရာတို့သည် သူတို့ကို လွှမ်းမိုး၍လာလေပြီတကား။

မကြာမြင့်မီပင် သူတို့ ပျိုးကြဲစိုက်ထွန်ရမည့်လယ်ကွက်သို့ ရောက်၍လာလေသည်။ ထိုလယ်ကွက်သည် ဘေးကင်းစွာစီးဆင်း၍နေသော ချောင်းကလေး၏ နံဘေးတွင် တည်ရှိသည်။ အတော်ထွန်ယက်၍ပြီးသဖြင့် မြေကြီးများသည် ပွတက်ကာ ရင့်ညိုသောအသွေးကို ဆောင်လျက်ရှိသည်။ အချို့နေရာကွက်တို့၌ နီမောင်းသော အသွေးဖြင့် စွန်းပေလျက်ရှိသည်။ သည်ဝသုန်မြေကား အမှန်ပင်တမန်း ကောင်းသော မြေဖြစ်ပေလိမ့်မည်။ သည်ဝသုန်မြေပေါ်၌ပင် ဘိုးစဉ်ဘောင်ဆက်ကတည်းက အလက်ပေါင်းများစွာ၊ ဘဝပေါင်းများစွာတို့ကို ခိုင်မြဲတိုးတက်ခဲ့သော ဆန်စပါးပင်များကို စိုက်ပျိုးလိမ့်မည်။ မောင်ရေချမ်းသည် အဘယ်မျှပင်အေးမြသော်လည်း ထိုအေးမြခြင်းကို ကာကွယ်ပေးသော ခေါင်းရှိမျက်နှာသုတ်ပဝါကို ပေါ့ပါးရန်အတွက် ချွတ်လိုက်လေသည်။ ပေါ့ပါးရန်အတွက် လုံချည်ကိုပြင်၍ဝတ်လေသည်။ ထို့နောက် တတ်ကြွသော ဟန်ဖြင့် မျိုးစပါးတောင်းကိုပိုက်ကာ "ငွေကြည်ရေ–ငွေကြည့်ယောကျ်ားဟာ ဘယ်လိုယောကျ်ားမျိုးဆိုတာ ကောင်းကောင်း တွေ့ရတော့မယ်" ဟု ပြောလိုက်လေသည်။ သူ၏အသံတွင် လယ်သမား၏မာနဖြင့် လျှမ်းလျှမ်းပြည့်၍နေသည်။

"ဟုတ်တယ်–ကိုရေချမ်းရေ။ ငွေကြည်ကို့ ဦးဦးဖျားဖျားလယ်ကို စရတော့မယ်။ ခုလို ဦးဦးဖျားဖျား သူများထက် စောရောက်လာတာ ဂုဏ်ယူစရာပဲနော်။ နောက်ပြီး ငွေကြည့်ယောကျ်ားဟာ ဘယ်လိုလူစားဆိုတာလဲ ကြည့်သေးတာပေါ့။ နေမဝင်ခင် ဘယ်လောက်ပြီးမယ်ဆိုတာ"

လုပ်ငန်းစလေပြီ။ မောင်ရေချမ်းသည် လယ်ကန်သင်းတစ်ဖက်သို့ ရောက်သွားလေသည်။ သူသည် လယ်ကွက်များ၏အပိုင်းအခြားကို ပြင်ဆင်သတ်မှတ်လျက်ရှိလေသည်။ လင်းအရုဏ်အမှောင်တိုက်သည် ထုထပ်ခြင်းကို စွန့်ခွာစပြုလေပြီ။ အရှေ့ဘက်မိုးကောင်းကင်မှ ပေါက်ကွဲမည့်ဟန်ပြင်နေသော အက်ကြောင်းကြီးသည် ဟ၍လာလေပြီ။ သည်အက်ကြောင်းကြီး၏ ပတ်ဝန်းကျင်မှ အက်ကြောင်းငယ်ကလေးများသည် ကွန်ရက်လို ဖြာ၍ပေါ်လာလေပြီ။ ထိုအက်ကြောင်းများမှ ပတ္တမြားရည်တို့သည် တစ်စက်တစ်စက်စီးကျ၍ လာလေသည်။ သည်ပတ္တမြားရည်တို့ကား အက်ကြောင်းကြီး၏ကိုယ်တွင်း၌ သန္တေတည်လျက်ရှိသော ပတ္တမြားရတနာကြီး၏ ရှေ့တော်ပြေးဖြစ်ပေသည်။

မလှမ်းမကမ်း လယ်ကန်သင်း၏တစ်ဖက်တွင် ငွေကြည်သည် မြေယာကွက်

mgyoe.com

mgyoe.com

ကို အတန်းလိုက်အတန်းလိုက် ကန့်သတ်ကာ ပျိုးကြဲလျက်ရှိလေသည်။ သူတို့ဒေသကား သဘာဝအားဖြင့် မြေဩဇာထက်သန်လှသော ဒေသမဟုတ်သဖြင့်၊ ဝီရိယအထူးစိုက်ကာ လုပ်ကြရမြဲဖြစ်လေသည်။ ထိုဒေသရှိ လယ်သမားတို့သည် ကြီးမြတ် သောဥသျှဖြင့် ဝသုန်မြေကိုပြုပြင်ကာ စပါးထွက်ရေးကို တိုးမြှင့်ကြရလေသည်။ ထို့ကြောင့်လည်း လယ်သမားအိမ်ထောင်သည်ဘဝကို ရှေးရှုသော ငွေကြည်သည် တက်ကြွသောစိတ်ဓာတ်ဖြင့် သည်မျိုးကြဲချိန်ကို စတင်၍နေလေသည်။ ငွေကြည်သည် စိတ်ထဲကရေတွက်ကာ ပျိုးကြဲ၍နေလေသည်။ တစ်ပြူး–နှစ်ပြူး–သုံးပြူး–လေးပြူး–အို သူသည်။ ကနုစိုစ တစ်စကို နင်းမိသဖြင့် စည်းဝါးမှန်မှန် ပျိုးကြဲနေခြင်းသည် ခေတ္တတန့်သွားလေသည်။ တစ်ဖန် ဆက်လက်၍ ငါးပြူး–ခြောက်ပြူး–

"ကျွန်တော်တို့အိမ်ထောင်ဦးမှာ ပျိုးဦးကို ကြဲလိုက်ပါပြီ။ စပါးအထွက်ကောင်းအောင် ကူညီစောင်မတော်မူပါ"

မောင်ရေချမ်း၏ လယ်စောင့်လမိုင်းနတ်ကို တိုင်တည်လိုက်သောအသံသည် တစ်ဖက်လယ်ကွက်မှတစ်ဖက် ငွေကြည်ပျိုးကြဲလျက်ရှိသော လယ်ကွက်သို့ပျံ့လွင့်၍ လာလေသည်။ မောင်ရေချမ်း၏အသံသည် အောင်မြင်ခံ့ညားး၍ နေလေသည်။

"ကိုရေချမ်းရေ နေပါဦး၊ ငွေကြည်လည်း လာခဲ့ဦးမယ်။ ငွေကြည်လည်း လယ်စောင့်နတ်တွေကို မှာကြားပါရစေ" ဟု ငွေကြည်သည် မျိုးစေ့တောင်းကို မြေကြီးသို့ပစ်ချကာ မောင်ရေချမ်းဆီသို့ ပြေးလာခဲ့လေသည်။ ငွေကြည်သည် အင်မတန်စောစွာပင် အိမ်ထောင်ကျ၍ တော်တော်ပင် ငယ်ရွယ်သေးသည်။

ငွေကြည်သည် နီမောင်းရင့်ညိုသော မြေကွက်များကိုဖြတ်လာရင်း "ကိုရေချမ်း၊ ငွေကြည်လာပြီ" ဟု ပါးစပ်က အော်လေသည်။

ပတ္တမြားရည်ဖြင့်ပြွမ်းသော ပတ္တမြားလေသည် တညင်းညင်းတသုန်သုန် တိုက်ခတ်၍နေသည် သည်လေကိုခွင်း၍ ငွေကြည်သည် မောင်ရေချမ်း၏အပါးသို့ ရောက်၍လာလေသည်။ ထက်သန်သော စိတ်ဓာတ်ဖြင့်ပြေးလာသော ငွေကြည်သည် မြေကြီးပေါ်တွင်ချထားသော မျိုးစေ့တောင်းကို ဝင်၍ခလုတ်တိုက်မိသဖြင့် "အို–အမေ့" ဟု အော်ကာ ရွှင်လန်းစွာမျိုးစေ့ကြဲ၍နေသော လင်သည်၏ပခုံးကို လှမ်းဖက်လိုက်သည်။ ငွေကြည်၏ပါးသည် နီမြန်း၍လာလေသည်။ သူသည် ကလေးငယ်ကဲ့သို့ တုန်လှုပ်၍နေသည်။ ထို့ကြောင့် သူသည် လင်သည်၏ခါးကိုတိုး၍ မြဲမြဲစွာဖက်ကာထားလိုက်

mgyoe.com

လေသည်။

လယ်လုပ်ငန်းတွင် များစွာလေးနက်လျက်ရှိသော မောင်ရေချမ်းသည် သူ့ကို ဖက်မှီ၍ထားသော မယားပျိုကလေး၏ကိုယ်ကို အသာတယာတွန်းဖယ်၍ "ဖယ်စမ်းပါဦး ငွေကြည်ရယ်၊ ခုလိုပျိုးဦးမှာ လေးဖင့်နေတာကို သူများတွေ မြင်သွားရင် ကိုယ်တို့ကို ဘယ်လိုထင်ကြမလဲ။ အလကား အပျင်းတွေ၊ အသုံးမကျတဲ့ လင်မယားပဲ။ တော်တော်ကြာ ငတ်တာမြင်ရပါလိမ့်မယ်လို့ မေးငေါ့ကဲ့ရဲ့ကြမှာပေါ့"

သူသည် တည်ကြည်သောအသံဖြင့်ပြောကာ သူငယ်မျက်လုံးများသည် သူ့ရှေ့ရှိမြေကြီးပေါ်သို့ စူးစိုက်၍နေလေသည်။ သူ၏မျက်လုံးများတွင် အင်မတန်ထက်သန်၍ စိမ်းရိုင်းသောရောင်ခြည်သန်းလျက်ရှိလေသည်။ သည်ရောင်ခြည်တို့သည်ကား သူ၏စိတ်တွင်း၌ တောက်လောင်၍နေသော တစ်ခုတည်းသော အလိုဆန္ဒမှ အရင်းခံ၍ လာခြင်းဖြစ်လေသည်။ သည်တစ်ခုတည်းသော အလိုဆန္ဒသည် အခြားများစွာသောအလိုဆန္ဒတို့ကို ဖယ်ရှားတွန်းလှန်ပစ်လေသည်။ သည်တစ်ခုတည်း သော အလိုဆန္ဒမှာ ဤဝသုန်မြေကို ထွန်ယက်စိုက်ပျိုး၍ မြင့်မြတ်သော လယ်သမားဘဝကို ဖန်တီးထူထောင်ရန် ဖြစ်လေသည်။

"အို– ကိစ္စမရှိပါဘူး ကိုရေချမ်းရယ်၊ သူများတွေ မြင်သွားမှာကို ငွေကြည်တော့ ဂရုမစိုက်ပေါင်" ဟု ငွေကြည်က ပြန်ပြောလိုက်လေသည်။

ပြောပြီးလျှင် ငွေကြည်သည် သူ့လင်သည်၏အပါးမှခွာကာ မောင်ရေချမ်း စိုက်၍ကြည့်နေသောမြေကြီးကိုပင် စိုက်၍ကြည့်နေမိလေသည်။ မောင်ရေချမ်းသည်ကား လေးနက်ခိုင်မာစွာပင် ပျိုးကြဲသည့်အလုပ်ကို ဆက်လက်လုပ်၍နေလေသည် ငွေကြည်သည် သက်ပြင်းတစ်ချက်ချကာ သူ့နဂိုလယ်ကွက်သို့ ပြန်၍သွားလေသည်။ သူသည် လက်ရှိစိတ်အခြေအနေကို ပြောင်းလဲပစ်ရန် တောင်းထဲမှ မျိုးစေ့များကိုယူ၍ တစ်ဆုပ်ပြီးတစ်ဆုပ် ကြဲဖြူး၍နေလေသည်။

ပတ္တမြားလုံးကြီးသည် အရှေ့ဘက်မိုးကုပ်စက်ဝိုင်းမှ ငြိမ့်ခနဲမြောက်တက်ကာ ပေါ်လာလေပြီ။ ပတ္တမြားလုံးကြီးကို နီလာရောင် ကောင်းကင်ပြင်က နောက်ကျောခံ၍ ထားလေသည်။ ငွေကြည်သည် ပျိုးကြဲရင်း သူ့လင်သည်၏မျက်နှာပုံပန်းကို လှမ်း၍ ကြည့်မိလေသည်။ မောင်ရေချမ်းသည် သူ့ပတ်ဝန်းကျင်ရှိ အရာအားလုံးကို မေ့ကာ အလုပ်တွင်သာ စွဲလမ်းလျက်ရှိသည်ကို တွေ့မြင်ရလေသည်။ ဤဝသုန်မြေကြီးကား ရက်စက်လေစွ။ သက်ညှာခြင်းကင်းမဲ့လေစွ။ သူ၏ဘဝတွင် အလုပ်ပင်ပန်းခြင်း၊

mgyoe.com

mgyoe.com


ဆင်းရဲခြင်းကို နှောင်ကြိုးဖြင့်တုပ်ပေသော ဝသုန်မြေကြီးပေတကား။ ငွေကြည်သည် တဒင်္ဂမျှ ဤဝသုန်မြေကြီးကို ကြောက်ရွံ့မိလေသည်။ သူ့လင်သည်၏ လေးနက်သော မျက်နှာကိုမြင်သောအခါသည် ကြောက်ရွံ့ခြင်းတို့သည် ပျောက်ကွယ်၍ သွားကြလေသည်။ တကယ်ဆိုတော့ ဤဝသုန်မြေကြီးကို ထွန်ယက်စိုက်ပျိုးရန် သူ့လင်သည်နှင့် တွဲဖက်လုပ်ကိုင်ရမှာပါတကား။ သူ့လင်သည်ကို ကူညီရန် ပါတကား။ မောင်ရေချမ်း၏ လယ်ယာအလုပ်၌ ထက်သန်လေးနက်ခြင်းကို တွေ့မြင်ရသောအခါ ငွေကြည်လည်း သူ့လိုထက်သန်လေးနက်လာလေသည်။ ဟုတ်တယ်၊ ငွေကြည် ကိုရေချမ်းရဲ့ လယ်လုပ်ငန်းကို ကူညီတော့မယ်။

ကမ္ဘာကြီးသည် အိပ်ရာမှထလေပြီ။ ပတ္တမြားလုံးကြီးသည် ကြည့်နေရင်းကြည့်နေရင်းပင် အထက်သို့ မြောက်ကြွကာတက်၍ လာလေသည်။ ဟော စိမ်းညိုသော တောရိပ်ပေါ်သို့ ရောက်လာပြန်ပြီ။ ဟော ရွာထိပ်ခရေပင်ပေါ်သို့ ခုန်ကြွကာ သစ်ကိုင်းတစ်ကိုင်းတွင် ချိတ်ဆွဲလျက်ရှိလေပြီ။ ဟော ပတ္တမြားလုံးကြီးအဖြစ်မှ ဝါသော ရွှေဘောလုံးကြီးအသွင်သို့ပြောင်းလဲ၍လာလေပြီ။ ပျိုးကြဲချိန်၏ နံနက်ခင်းသည် မြူတိမ်တို့မှကင်းစင်ကာ ကြည်လင်ဝင်းပစွာထွန်းလေပြီ။

လယ်ကွင်းကြီးသည် လှုပ်လှုပ်ရွရွနှင့် ပျိုးကြဲလျက်ရှိကုန်သောလူတို့ဖြင့် ပြောက်ကျား၍နေလေသည်။ ထွက်စနေရောင်သည် အပူရှိန်မှကင်းငြိမ်း၍ နေလေသည်။ ဘယ်နေရာကြည့်လိုက် ကြည့်လိုက် ဝင်းကြည်သောနေရောင်တွင် အလုပ်လုပ်လျက်ရှိကြသော လူများကိုသာ တွေ့မြင်ရလေသည်။ သူတို့သည် ရွှင်ပျသော နှလုံး၊ ရွှင်ပျသော စိတ်၊ ရွှင်ပျသောအမူအရာဖြင့် လယ်ယာကိုပျိုးလျက်ရှိကြသည်။ နီမောင်းရင့်ညိုသော ဝသုန်မြေကြီးသည် ထူးခြားသောဂုဏ်နှင့် ပြည့်စုံလှပေသည်။ သည် နီမောင်းရင့်ညိုသော ဝသုန်မြေကြီးပေါ်တွင် ရေးမရေမတွက်နိုင်သော ကာလကတည်းက လူအပေါင်းတို့သည် ဝမ်းစာကို လုပ်ကိုင်ခဲ့ပေသည်။

နေသည် သူတို့၏ခေါင်းပေါ်လောက်သို့ စောင်းစောင်းရောက်သောအခါ မိန်းမများသည် ရွာသို့ပြန်ကာ နံနက်စာကို သွားရောက်ချက်ပြုတ်ကြလေသည်။ ယောကျ်ားတို့ကား အလုပ်ကိုရပ်နားခြင်းမပြုကြ။ အတန်ကြာလျှင် မိန်းမများသည် ထမင်းနှင့် ဟင်းလျာတို့ကိုယူဆောင်၍ လာကြသည်။ မောင်ရေချမ်းသည် ငွေကြည် သူ့အနီးသို့ ထမင်းထုပ်နှင့်ရောက်လာသောအခါ ပျိုးတောင်းကို မြေပေါ်သို့ ပစ်ချလိုက်လေသည်။ သူတို့သည် တစ်ယောက်နှင့်တစ်ယောက် အပြုံးချင်းလဲလှယ်ကြလေသည်။ သူတို့သည်

mgyoe.com

လယ်ထိပ်ရှိ ခရေပင်အောက်တွင် နံနက်စာကို မြိန်ရှက်စွာ စားကြလေသည်။
"ငွေကြည်ရယ်၊ အခုလို မနက်ခင်းအလုပ်ကလေး အနားမှာ ထမင်းမြိန်မြိန်စားရတာ ဘယ်လောက်ကောင်းသလဲ"ဟု မောင်ရေချမ်းသည် ထမင်းကို ပလုတ်ပလောင်းဝါးရင်း ပြောလေသည်။ "ခုလို လေကလေးတဖြူးဖြူးနဲ့ ကြည်လင်တဲ့ ကောင်းကင်အောက်မှာ ထမင်းစားရတာထက်များ ဒီ့ပြင်ကောင်းတာ လောကမှာ ရှိပါဦးမလား– ဟင် ငွေကြည် ကြည့်စမ်း ကိုယ်လုပ်လိုက်တာ ဘယ်လောက်ပြီးသွားသလဲ။ ရွာထဲမှာ ကိုယ့်လောက် ဘယ်သူမှ မပြီးကြသေးဘူး။ ဟိုဘက်ကဆို ခုမှ ထွန်တုန်းရှိသေး။ ပျိုးကြဲဖို့ဝေးလို့နော်–ငွေကြည်၊ ကြည့်လိုက်စမ်း၊ ကိုယ်တို့လယ်ကွက်တွေကို"
သူသည် မာနလျှမ်းသောမျက်နှာနှင့် ငွေကြည်ကိုကြည့်လေသည်။
"ဟုတ်တယ် ကိုရေချမ်းရယ်။ လယ်ကွက်ကလေးကလည်း သိပ်သာယာတာပဲနော်"
ငွေကြည်သည် ကမန်းကတန်းရွာသို့ပြန်၍ ထမင်းချက်ကာ ကမန်းကတန်းနှင့် သူ့ဆီသို့ပြန်လာသဖြင့် မောပန်းကာ ရတ်တရက် စားလို့မဝင်လှပေ။ သို့ဖြစ်လေရာ ငွေကြည်သည် တင့်တယ်သာယာလှသော လယ်ကွင်း၏ ရှုမျှော်ခင်းကိုငေး၍ နေမိလေသည်။ ဟုတ်သည်။ လယ်တောသည် အင်မတန်မှပဲ လှပကာ ချစ်ဖွယ်ကောင်း၍နေသည်။ စောစောနံနက်ခင်းက သူတို့နှစ်ယောက်တွင် ကိန်းအောင်း၍နေသော ဒေါသတို့သည် လွင့်စဉ်ကွယ်ပျောက်၍သွားကြလေပြီ။
မောင်ရေချမ်းသည် သူ၏ဆာလောင်ခြင်းကို တင်းတိမ်အားရစွာ ဖြည့်စွက်ပြီးသောအခါ လယ်ကန်သင်းဘေးတွင်မိုကာ ပြောင်းဖူးဖက်ဆေးလိပ်ကို ဖွာ၍နေလေသည်။ သူသည် အခြားလယ်သမားများထက်ပို၍ ပြီးစီးခဲ့သော သူ၏လယ်ကွက်များကို ကြွားဝါဂုဏ်ယူသောကြည့်ခြင်းမျိုးဖြင့် မျှော်ကြည့်ခြင်းမျိုးဖြင့် မျှော်ကြည့်၍နေလေသည်။ ထို့နောက် တစ်ဖန် သူသည် မယားပျိုကလေး၏ ချစ်စဖွယ်ရုပ်သွင်ကို ရွှန်းရွှန်းစားစားကြည့်ရင်း သည်လို လှသောမယားကို ရသည့်အတွက် ဂုဏ်တက်မိလေသည်။ သူသည် စိတ်အားထက်သန်၍လာခြင်းကြောင့် သူ့ဘေးရှိ ငွေကြည်၏ လက်ကလေးများကို ဆုပ်ကိုင်လိုက်လေသည်။ သို့ဆုပ်ကိုင်ရာ၌ သူသည် ရှက်စိတ်ကြောင့် ငြိမ်သက်၍နေမိလေသည်။ သူသည် ရှက်စိတ်ကြောင့် ဘယ်စကားပြောရမည်ကိုပင် မသိတော့ပေ။ အဘယ်ကြောင့်ဆိုသော် တောသားများသည် ဤကဲ့သို့ မြို့ဆန်ဆန်ကလက်၍နေခြင်းများကို ရှက်တတ်ကြလေသည်။ သူတို့သည် အတန်ကြာ
mgyme.com

mgyoe.com

တိတ်ဆိတ်၍ နေမိကြလေသည်။

သူတို့ကဲ့သို့ပင် အခြားလယ်သမား လင်မယားများသည် ဤလယ်တော၌ နံနက်စာကို စား၍နေကြသည်။ သူတို့ကဲ့သို့ပင် ထမင်းစားပြီးသောအခါ ခေတ္တနား နေကြသည်။ နေသည် တိမ်တိုက်အဖြူတို့ဖြင့် လှိုင်းထလျက်ရှိသော ကောင်းကင်ပြင်တွင် အနောက်သို့ရွေ့လျား၍ သွားလေသည်။ အလုပ်လုပ်ရင်းပင် နေသည် စောင်း၍ လိုက်လာလေသည်။ သူတို့သည် အဘယ်မျှပင် ပင်ပန်းကြသော်လည်း အလုပ်၌ လေးနက်ခြင်းကြောင့် ပင်ပန်းခြင်းတို့ မေ့၍ပင် နေကြလေသည်။ ကံကောင်းထောက်မ သဖြင့် ပူရှိန်ပြင်းပြသော မွန်းလွဲချိန်တွင် ကြင်နာတတ်သော တိမ်တိုက်တို့က နေကိုဖုံး ကွယ်၍ထားသဖြင့် အုံ့မှိုင်း၍နေလေသည်။ သန့်ရှင်းသောလေသည် သူတို့၏မောပန်း ခြင်းကို ပြေပျောက်စေလေသည်။ ထွန်ယက်တူးဆွ၍ထားသောကြောင့် ပွ၍နေသော မြေကြီးရနံ့သည် သင်းပျံ့စွာထုံလှိုင်လျက်ရှိလေသည်။ သည် သင်းသောမြေနံ့သည် သူတို့၏အာရုံကြောများကို အားပေးသော ဆေးသဖွယ်ဖြစ်လေသည်။

ညနေစောင်းအလုပ်ခွင်သိမ်းတော့မည့် အချိန်သို့ရောက်သောအခါ ရွာမှ အဘိုး အိုတို့သည် သူတို့၏သားမြေးများလုပ်သောလယ်ကွင်းကို ကြည့်ရှုရန် ရွာမှထွက်ခွာ ၍ လာကြလေသည်။ သည်အထဲတွင် မောင်ရေချမ်း၏အဘိုးလည်း ပါလေသည်။ မောင်ရေချမ်း၏အဘိုးသည် တောင်ဝှေးနှင့်ထောက်ကာ ကုန်းကုန်း–ကုန်းကုန်းနှင့် လျှောက်လာလေသည်။ သူသည် မောင်ရေချမ်းတို့၏အနီးသို့ ရောက်လာသောအခါ "ဟော့–ရေချမ်းတို့လား" ဟု အော်လိုက်သည်။

"ဟုတ်တယ်–အဘိုး"

မောင်ရေချမ်းနှင့် ငွေကြည်တို့သည် ပြိုင်တူအဖြေပေးမိကြလေသည်။ သို့ရာတွင် သူတို့သည် အလုပ်ကိုရပ်နားခြင်းမပြုကြ။

"အေး–ကောင်းတယ်၊ ကောင်းတယ်၊ ရေချမ်းက တော်တော်တွင်သားပဲ။ ငါ့မြေး ငွေကြည်ကလည်း တော်တော်အကူအညီပေးနိုင်ပေသကိုး။ မင်းတို့နှစ်ယောက် ဟန်ကျတယ်ဟေ့"

လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကလည်း အဘိုးအိုသည် ဤဝသုန်မြေကြီးပေါ်၌ မျှော်လင့်ကြီးစွာ ဂုဏ်တက်စွာဖြင့် ပျိုးကြဲခဲ့ဖူးလေသည်။ ဤ ဝသုန်မြေကြီးကား ပင်ပန်းခြင်း၊ ဆင်းရဲခြင်းကို ပေးလေစွ၊ ရက်စက်လေစွဟု တစ်ခါက ထင်မှတ်ခဲ့ဖူးပြီး လျှင် တစ်ဖန် ဤဝသုန်မြေကြီးကိုပင် ကျေးဇူးတင်ခဲ့ဖူးလေပြီ။ ဤဝသုန်မြေကြီးသည်

mgyoe.com

mgyoe.com


မမေ့မပျောက်နိုင်ခြင်းကို ပေးခဲ့လေပြီ။ လူ့ဘဝ၏ ဝမ်းစာကိုလည်း ပေးခဲ့လေပြီ။ အဘိုးအိုသည် သူ၏ လွန်မြောက်ခဲ့သော လယ်သမားဘဝကို ပြန်ပြောင်း၍ တွေးမိလေသည်။ သူသည် ချွေးတပြိုက်ပြိုက်နှင့် မောပန်းခြင်းကို အမှတ်မထင်၊ လယ်လုပ်လျက်ရှိကုန်သော သူ၏မြေးများကိုကြည့်ကာ ကျေနပ်နှစ်သိမ့်၍ နေလေသည်။ သူသည် လယ်ယာစိုက်ပျိုးရေးအတွက် ဆုံးမစကားများဖြင့် ညွှန်ပြလေသည်။ သို့သော် မောင်ရေချမ်းတို့လင်မယားကား အဘိုးအို၏ အကြံပေးစကားများကို ဂရုမစိုက်သကဲ့သို့ သူတို့၏လုပ်ငန်းကို လုပ်မြဲတိုင်းလုပ်၍နေကြသည်။

"အဘိုးတို့ ငယ်ငယ်တုန်းက အခုမင်းတို့ လုပ်တာထက် ပင်ပင်ပန်းပန်းလုပ်ခဲ့တယ်။ ယောကျ်ားတွေဆိုရင် တစ်ခါတလေ မနက်စာမစားဘဲတောင် လုပ်ခဲ့ကြရတယ်။ ဟိုတုန်းကဆိုရင် မြေဩဇာက ခုလောက်မကောင်း၊ နောက်ပြီး ဓားမဦးချမြေဆိုတော့ ကနစိုမြစ်တွေကို ခဏခဏခုတ်ရှင်းရနဲ့ အင်မတန်ပင်ပန်းတာပဲ။ ပင်သာပင်ပန်းတယ် စပါးအထွက်ကလည်း အခုလောက် ကောင်းတာမဟုတ်ဘူး။ အဘိုးတို့ကလေးတုန်းကဆိုရင် ဒီနေရာတွေဟာ အင်မတန်နက်တဲ့ ကနစိုတောကြီးပေါ့။ အခုတောင် လယ်ထဲမှာ ကနစိုမြစ်တွေ အများကြီးတွေ့ရသေးတာပဲ"

အဘိုးအိုသည် စိတ်အားထက်သန်စွာ ပြောလေသည်။ စကားပြောသဖြင့် ချောင်းတစ်ချက်နှစ်ချက်ပင် ဆိုးလေသည်။ ချောင်းရပ်လျှင် အဘိုးအိုသည် တောင်ဝှေးကိုထောက်ကာ အခြားသားမြေးများရှိရာသို့ ထွက်ခွာသွားလေသည်။ မောင်ရေချမ်းတို့လင်မယားနှစ်ယောက်သည် ပြုံး၍ကျန်ရစ်ခဲ့ကြလေသည်။

သို့နှင့် နေလည်းအတော်စောင်း၍လာလေပြီ။ မောင်ရေချမ်း၏ အကြောအခြင်တို့သည် မောပန်းခြင်းကြောင့် ကိုက်ခဲ၍လာစပြုလေပြီ။ သူသည် လဲလျောင်း ကာသာနားနေချင်တော့သည်။ သို့ဖြစ်လေရာ သူသည် အလုပ်ခွင်ကိုသိမ်း၍ "ကဲ– ငွေကြည်ရေအိမ်ပြန်ကြစို့၊ ဒီလောက်ဆို တော်လောက်ပြီ" ဟု ပြောလိုက်လေသည်။

ငွေကြည်သည်–မောပန်းခြင်းကြောင့် ပါးစပ်ဖြင့် အဖြေမပေးဘဲ ခေါင်းကိုသာညိတ်လိုက်လေသည်။ ငွေကြည်သည် သည်နံနက်ခင်းကို နှစ်ပေါင်းများစွာကြာသည်ဟု ထင်မိလေသည်။ သူသည် လမ်းလျှောက်၍လာရင်း အိမ်ရောက်လျှင် ထမင်းဟင်းချက်ပြုတ်ရမည့်အရေး၊ စပါးကျီကို ရှင်းလင်းရမည့်အရေး၊ နွားကျောင်းရမည့်အရေး၊ အိမ်ရှိကြက်များကို အစာကျွေးရမည့်အရေးစသော အပူအပင်အကြောင့်အကြတို့ကို တွေး၍နေလေသည်။ တောသား လယ်သမား၏မယားသည် ဘဝတွင် တွေ့ကြုံရသော

mgyoe.com

ဒုက္ခများပါတကား။ သည်အတွေးများသည် သူ၏စိတ် ကို တဒင်္ဂမျှ ဒေါသအမှောင်ဖြင့် ဖုံးလွှမ်းစေလေသည်။ အို လယ်သမားရဲ့မယား ဘဝဟာ လယ်သမားရဲ့ ကျွန်ဘဝပါပဲ တကား။

"ငွေကြည်ရေ–ကိုယ်ဒီကနေ့ လုပ်လိုက်တာ တော်တော်ကိုပြီးသွားတာပဲ။ ဒီ့ပြင် လူတွေ ကိုယ့်လောက်ဘယ်သူမှ မပြီးကြဘူး။ မြင်လား–ငွေကြည်တော့ ကိုယ့်လို ယောကျ်ားမျိုး မယားတော်ရတာ ဘယ်လောက်ကုသိုလ်ကောင်းသလဲ"

သူတို့သည် ရွာအဝင်တွင် သူတို့တစ်နေ့လုပ်ကိုင်ပြီးစီးခဲ့သော လယ်ကွက်များ ကို ပြန်၍ကြည့်မိလေရာ မြင်တွေ့ရသောအခါ၌ စောစောကမကျေမနပ်ခြင်းများသည် တစ်ဖန် လွင့်ပျောက်၍သွားပြန်လေသည်။ သည်အလုပ်တွေဟာ ငါ့ယောကျ်ားနဲ့အတူ တွဲဖက်လုပ်လို့ ပြီးခဲ့တဲ့ လယ်လုပ်ငန်းတွေပဲ။ ဝသုန်မြေကြီးပေါ်မှာ စပါးစိုက်ရတဲ့ လုပ်ငန်းမှာ ငါဟာ ငါ့ယောကျ်ားကို အများကြီးကူညီခဲ့ပေတာပဲ။ သူတို့သည် အတူတူ ပင် ပြီးစီးအောင် လုပ်ခဲ့ပြီ။ သူတို့သည် အတူတူပင် ဤဝသုန်မြေကြီးတွင် စပါးမျိုးစေ့ ကို ကြဲခဲ့ကြပြီ။ နောင်နှစ်ပျိုးကြဲချိန်ရောက်တိုင်းလည်း ဤသို့ပင် ပျိုးကြဲရပေဦးမည်။ လယ်လုပ်ငန်းကို ဆောင်ရွက်ရဦးမည်။ သို့ရာတွင် ညအခါ သည်ကား နှစ်ခြိုက် ရွှင်လန်းစွာ အိပ်ပျော်ရခြင်းနှင့် မမေ့နိုင်ခြင်းတို့ကို ပေးပေလိမ့်မည်။

အိမ်သို့ပြန်သောလမ်းပေါ်တွင် မောင်ရေချမ်းသည် လယ်သမားတစ်ဦးနှင့် လယ်ယာစိုက်ပျိုးရေးအကြောင်းကို တတွတ်တွတ်ပြောကာ လာလျက်။ ငွေကြည်ကား သူ့အနောက်မှ တစ်စုံတစ်ရာကိုတွေးတောရင်း လိုက်ပါလာလေသည်။ ငွေ ကြည်သည် ဝသုန်မြေကြီးကိုသာကြည့်၍ လမ်းလျှောက်လာလေသည်။

အဝေးတွင်ကား နွားတို့သည် အော်လျက်ရှိကြသည်။

ရုပ်ရှင်တေးကဗျာ၊ အမှတ်–၃၀။

❖

mgyoe.com

mgyoe.com

# မိုးနဲ့မြေ

"မိုးနဲ့မြေ" ဝတ္ထုမှာ အိန္ဒိယတိုင်းမြို့တစ်မြို့တွင် ပြောစမှတ်ပြုနေသော အဖြစ်အပျက်ကိုအမှီပြု၍ ရေးသားထားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်ကို တွေ့ရပေ၏။ ဝတ္ထု၏ နောက်ခံကားမှာ အိန္ဒိယပြည်ဖြစ်၍ ဇာတ်လိုက်နှင့် ဝတ္ထုဆောင်သူများမှာ ဗြိတိသျှလူမျိုးနှင့် အိန္ဒိယလူမျိုးများဖြစ်သည်မှာ မြန်မာဝတ္ထုဝင်တွင် ထူးခြားချက်တစ်ရပ်ဖြစ်ပေ၏။ သို့ရာတွင် ကျွန်ုပ်တို့၏ ဝတ္ထုရေးဆရာကို စတင်ထွင်သူဟု မဆိုလိုပါ။ ဆရာကြီးပီမိုးနင်း၏ သူရဲကောင်းသုံးယောက်ဝတ္ထု၊ ရွှေလင်းယုန်၊ မင်းသားတန်မဲ့ လူပျိုလှည့်ရာတွင်ဝတ္ထု စသည်တို့မှာ မြန်မာဝတ္ထုနယ်တွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့ဖူးကြလေပြီ။ ဤဝတ္ထုများကို မြန်မာစာသက်သက် လိုက်စားသူတို့က နာမည်အမှတ်ရခက်သည်၊ ဇာတ်လမ်းရှုပ်သည်ဟု အပြစ်တင်ခဲ့ကြ၏။

မြန်မာစာပေဝတ္ထုနယ်တွင် နိုင်ငံခြားဒေသကို နောက်ခံကားသဖွယ်ထား၍ ရေးသားဖန်ဆင်းသော ဝတ္ထုများမှာ မရှိသလောက်ပင် ရှားပါးလှပေ၏။ များသောအားဖြင့် မြန်မာဝတ္ထုများမှာ မြန်မာပြည်ကအဖြစ်အပျက်များသာ ဖြစ်ကြလေသည်။ အင်္ဂလိပ်ဝတ္ထုတို့တွင်မူ ကမ္ဘာအနှံ့အပြား ဒေသအရပ်ရပ်တွင် နောက်ခံကားသဖွယ် ရေးသားကြသည်ကို မြောက်မြားစွာပင် တွေ့ရှိနိုင်လေသည်။ သူတို့မှာ နိုင်ငံချဲ့

mgyoe.com

mgyoe.com

ထွင်ရေးစနစ်ဖြင့် ကမ္ဘာအတိုင်းတိုင်းတွင် သူတို့ပိုင်အင်ပါယာများ တည်ရှိလေရာ ဘယ်နေရာတွင် သူတို့လူမျိုးရှိသည်ဆိုလျှင် ယုတ္တိမဲ့စရာအကြောင်းမရှိချေ။ ကျွန်ုပ်တို့ မြန်မာပြည်မှအပ အခြားဒေသတွင် မရှိသလောက် နည်းပါးလှသည့်အတွက် မြန်မာဝတ္ထုရေးဆရာတစ်ဦး နောက်ခံကားကို နိုင်ငံခြားဥပဒေ ရုရှားပြည်တွင်ထားကာ ဗမာနှင့် ရုရှားမတစ်ဦး ချစ်ကြိုက်ကြသည့်အကြောင်း ဇာတ်ကွက်ဆင်လျှင် သဘာဝမကျ၊ ယုတ္တိကင်းမဲ့သည်ကို တွေ့ကြရလိမ့်မည်ဖြစ်ရာ တစ်နည်းဝမ်းနည်းဖွယ်ကောင်းလှပေတော့၏။ (ရွှေဥဒေါင်း၏ ဂျာမဒါကိုကိုကြီး၊ ဒဂုန်ခင်ခင်လေး၏ ချစ်ရက်သားနဲ့၊ ဇေယျ၏သီတာပျံ စသော ဝတ္ထုများတွင် နောက်ခံကားသည် နိုင်ငံခြားဖြစ်၍ ဝတ္ထုဆောင်သူများမှာ ဗမာဖြစ်သည်။) သို့ရာတွင် ကျွန်ုပ်တို့သည် ဗမာဇာတ်လိုက်မထားစေနိုင်လျှင် အခြားသင့်လျော်သည့် လူမျိုးခြားကိုထား၊ နောက်ခံကားကို နိုင်ငံခြားထား၍ ရေးသားနိုင်၏။ အင်္ဂလိပ်ဝတ္ထုတွင် ကမ္ဘာ့အဖြစ်အပျက်၊ ကမ္ဘာ့ပုံပြင်များကို တွေ့ရှိနိုင်လေသည်။

ကျွန်ုပ်တို့ မြန်မာဝတ္ထုရေးဆရာများသည် ကမ္ဘာ့စာပေကို သုံးသပ်ဆင်ခြင်ပြီးလျှင် မြန်မာဝတ္ထုနယ်ကို ချဲ့ထွင်စေလို၏။ နိုင်ငံခြားကမ္ဘာ အဖြစ်အပျက်များကို မြန်မာဝတ္ထုစာပေတွင် ထည့်သွင်းသင့်သည်ဟု ဆိုလိုသည်။ တစ်နည်း (Revolutionize the Literature of Burmese Fiction) မြန်မာစာပေ ဝတ္ထုနယ်ကို တော်လှန်ပုန်ကန်ရန် (ဝါ) တီထွင်ပြုပြင်ပြောင်းလဲရန် အကြံပေး၏။ ယခု ဒဂုန်တာရာရေးသော "မိုးနှင့်မြေ" ဝတ္ထုကို ပုန်ကန်သောစာပေတွင် တစ်ခုအဖြစ်ဖြင့် ကျွန်ုပ်တို့က စင်မြင့်ပေါ်သို့ တင်လိုက်၍ စာဖတ်သူပရိသတ်တို့သည် စာပေတော်လှန်သည့် စနစ်အားဖြင့် ဝေဖန်ဆုံးဖြတ်ကြရန်သာ ဖြစ်ပေတော့သတည်း။

(ဒဂုန်မဂ္ဂဇင်း)

## (၁)

မေရီသည် ပြုံးလေ၏။

သူ့ရှေ့ရှိ မဟော်ဂနီစားပွဲကြီးကား တဖိတ်ဖိတ်တောက်ကာ ဧည့်ခန်း၏ ကျက်သရေကို ဆောင်နေလေ၏။ ကျောက်ဖယောင်းတိုင်များမှာလည်း ငွေတိုင်တို့တွင် စိုက်ထားလေ၏။ ငွေပန်းအိုးများ၏သဏ္ဌာန်သည် တောက်ပြောင်၍နေသောပန်းခုံတွင် အရိပ်ထင်ကာ ကိုယ့်အလှကိုယ်ရှုနေကြလေ၏။ ငွေပန်းခိုင်များမှာလည်း တရွှန်း

mgyoe.com

mgyoe.com


ရွှန်းလက်ကာ ငွေတိုင်များအား တုပနေကြလေသည်။ ငွေလင်ပန်း၊ ငွေဆေးလိပ်ဘူး၊ ငွေပြာခွက်၊ ငွေသတ္တာငယ်များကား စားပွဲတွင် သူ့နေရာနှင့်သူ ရှိနေကြလေ၏။ ဧည့်ခန်းကြီးကား ငွေထည်များဖြင့် ပြည့်နေလေ၏။ ပန်းကွက် များဖော်၍ထားသော ကုလားထိုင်များမှာလည်း စီရရီတည်ရှိလျက် အထူးခံ့ညားလှပေ၏။ ဆိုဖာအစိမ်းရင့်ကြီးတစ်စုံကား ပြတင်းပေါက်နားတွင်ရှိလျက် တစ်စုံမှာ အတွင်းဆောင်အဝင်ဝတွင် ရှိလေ၏။ မှန်ပြတင်းတို့၌ တပ်ထားသော အခန်းဆီး အပြာနုကလေးများမှာ လေငြိမ့်ကို စီးကာ ခုန်ပေါက်လွင့်ပါး ကစားနေကြလေ၏။ စိုပြည်သော မှိုင်းလုံးကော်ဇောကြီးများကား တလွင်လွင် ရွှမ်းနေလေ၏။ အထက် မျက်နှာကြက်တွင်လည်း ဖန်ပဒေသာမီးလုံးများ ချိတ်ဆွဲထားသည်မှာ တစ်မျိုးဂုဏ်ရှိလှပေ၏။ ဧည့်ခန်းသာမဟုတ်၊ အတွင်းအပြင် တစ်အိမ်လုံးမှာလည်း သပ်ရပ် အောင် အထူးပြင်ဆင်ထားသည်ကို တွေ့ရလေ၏။ အစေခံအားလုံးမှာလည်း အားသည်ဟူ၍မရှိအောင် မနေ့ကတည်းကပင် အလုပ်များနေကြလေ၏။

သို့နှင့်ပင် မေရီသည် အားမရနိုင်။

သူ့ယောကျ်ားမှာ အိန္ဒိယပြည် မြို့တစ်မြို့မှ စပ်တပ်ကို အုပ်ချုပ်ရသော ကာနယ်ကလော်ဒီအင်နစ်လေး ဖြစ်လေ၏။ မေရီမှာ အသက်(၃၀)ခန့်ရှိ၏။ သူ့ကိုယ်သူ အမြဲပြုပြင်ခြယ်လှယ်ကာ လှချင်၊ ပချင်သဖြင့် စိတ်ပျိုကိုယ်နု သည်နှင့်မခြားဘဲ (၂၀) ရွယ်အပျိုဟု မှတ်ထင်ဖွယ်အဆင်းကို ဆောင်နေလေ၏။ အလွန်ပူအိုက်သော အပူပိုင်းတိုင်းပြည်တွင် နေရသော်လည်း အသားအရေလှပဖို့အတွက်ကို အထူးဂရုပြုကာ အလှဆီကောင်းများကို အသုံးပြုသောကြောင့် သူ့အသားမှာ အနည်းငယ်မျှ မညိုဘဲ ဖြူဝင်း၍နေသည်ကို တွေ့ရလေ၏။ သူသည် အရပ်ရှည်၏။ ဆံပင်အနည်းငယ် နက်၏။ မျက်လုံးများမှာ ကြည်လင်ဝင်းစက်၍ အထူးလှပ၏။ ပြုံးရယ်လိုက်သည့်အခါ စင်ကြယ်သော သွားကလေးများပေါ်ကာ နီထွေးသော ပါးအို့ကလေးများ ချိုင့်စေလျက် ချစ်စဖွယ်သဏ္ဌာန်ကို ဆောင်နေလေ၏။

သူ့ယောကျ်ားမှာ သူ့ထက် လေးနှစ်ခန့်ငယ်၏။ သူ့တွင် ရင်အုပ်ကျယ်ကျယ်၊ ကိုယ်လုံးကိုယ်ဖန် တောင့်တင်းဖြောင့်စင်း၍ အတော်ခံ့ညား ကျက်သရေရှိလှပေ၏။ ကာနယ်အဝတ်အစားများ ဝတ်ဆင်လိုက်လျှင် သူ့ကိုယ်လုံးကိုယ်ပေါက်၊ လှပသော မျက်နှာနှင့် အထူးပင်ကြည့်ကောင်းအောင် ချောသောယောကျ်ားဟု သိနိုင်လေသည်။ သူသည် ဖော်ရွေ၏။ သူသည် ကုလားထိုင်၌မှီ၍ ဆေးလိပ်ကို အေးအေးဆေးဆေးဖွာ

mgyoe.com

mgyoe.com


ကာ စည်းစိမ်နှင့် စဉ်းစားနေသောအခါ ဧည့်သည်များ ရောက်လာလျှင်ပင် နေရာမှ ဖြုန်းခနဲထကာ ပျာပျာသလဲ လောကွတ်ပျူငှာနှင့် လက်ခံစကားပြောတတ်လေ၏။ ဥရောပတိုက်သားများ– အများအားဖြင့် အရက်သောက်သော်လည်း သူသည် မသောက်။ သူသည် တစ်ခါတစ်ရံ နုနယ်သစ်လွင်သော အဝတ်အစားကို ဝတ်ဆင်ထားသည့်အခါ၌ ပျိုလွင်၍သွားကာ အတော်လှပသော လုလင်ပျိုတစ်ဦးဟု လူတိုင်းက အံ့ဩငေးမောကြရ၏။ ထို့ကြောင့်ပင် သူတို့နှင့် သိသမျှမိတ်ဆွေတို့က ကာနယ်လိုချောတဲ့လူက မေရီကိုများယူတာ အံ့ပါရဲ့၊ မေရီထက် ချောတာတွေ ခေါင်းခေါက်ယူနိုင်တာပဲဟု ပြောလေ့ရှိကြ၏။ သူတို့သည်အကြောင်းကို စူးစမ်းရှာဖွေကြ၏။ ကာနယ်သည် ဆင်းရဲ၏။ မေရီသည် ချမ်းသာ၏ ဟူသောအဖြေကို သူတို့ နားလည်လာကြလေပြီ။

မေရီသည် အိမ်အသုံးအဆောင်၊ အနေအထိုင်၊ အစားအသောက်တို့၌ ခမ်းနားအထက်တန်းကျစွာ သုံးစွဲ၏။ ခမ်းနားသော ဥယျာဉ်ပွဲများကိုလည်း ဂုဏ်သရေရှိများကိုဖိတ်၍ မကြာခဏကျင်းပလေ့ရှိ၏။ သို့ပြုလုပ်ရာ၌ ကာနယ်သည် ဝင်၍ ဩဇာပေးခြင်းကို မပြု။ မည်သို့မျှ မဆို။ သူသည် ဥယျာဉ်ပွဲတွင် ကြွရောက်ကြသော ဧည့်သည်များထက် သာရုံသာရှိ၏။ သူ့ငွေနှင့်သူ သူ့သဘောအတိုင်း လုပ်သည်ကို ကာနယ်သည် မည်သို့မျှ ထင်မြင်ချက်မပေးလို။ မေရီသည် ငွေးကြွယ်သောကြောင့် ဖြစ်လေ၏။ မေရီနှင့် ကာနယ်တို့ လက်ထပ်ခါစ၌ "ဟင်... ကာနယ်က တော်တော်ညံ့တဲ့လူပဲ၊ ငွေမက်ပြီး မေရီကိုယူတာများ ယောကျ်ား မပီလိုက်တာ" ဟု ကဲ့ရဲ့ခြင်းကို ခံခဲ့ရ၏။ သို့ရာတွင် သူတို့နှစ်ဦးမှာ တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်၍သာ လက်ထပ်ခြင်းဖြစ်လေသည်။ အမှန်မှာ မေရီသည်လည်း သူ့ကိုယ်သူ သူဌေးမဟူ၍ လင့်အပေါ်တွင်လည်းကောင်း၊ အခြားသူများအပေါ်တွင်လည်းကောင်း ဝင့်ဝါခြင်း၊ မာနထောင်လွှားခြင်း အလျှင်းမရှိ။ မေရီသည် သဘောကောင်း၏၊ နူတ်ချို၏၊ ဖော်ရွေ၏၊ ဂုဏ်ရှိသော အပေါင်းအသင်းကို လိုလားနှစ်သက်တတ်၏။

မေရီ၏ ခင်မင်သော မိတ်ဆွေများအနက် ကာနယ်ရုံးစိုက်ရာနယ်နှင့် ကပ်လျက်ရှိသော နယ်တစ်နယ်မှ မဟာရာဇာတစ်ဦးမှာ တစ်ယောက်အပါအဝင် ဖြစ်လေ၏။ မဟာရာဇာမှာ အသက်အစိတ်ခန့် ရှိသေးသော မင်းသားမျိုးဖြစ်၏။ သူသည် မဟာရာဇာများထဲတွင် အမျိုးအနွယ် အမြင့်မြတ်ဆုံးဟု ကျော်စော၏။ ခေတ်ပညာ အင်္ဂလိပ်စာတတ်တစ်ဦး ဖြစ်လေ၏။ ဥရောပတိုက်မှ ဒေါက်တာ ပါရဂူဘွဲ့ကိုယူခဲ့သူဖြစ်၏။

mgyoe.com

mgyoe.com


သူသည် ကဗျာလင်္ကာစပ်ဆိုသီကုံးရာ၌ ကျွမ်းကျင် လိမ္မာလှပါသေးသည်ဟု ချီးမွမ်းခြင်း ခံရလေ၏။ ဟိန္ဒူစတန်နီဘာသာဖြင့် သူပြုစုသော ကျမ်းများမှာလည်း အရှေ့တိုင်း စာပေဘက်တွင် ထင်ရှား၏။

နက္ခတ်ပညာနှင့်ပတ်သက်၍ သူ့အသံဉာဏ်နှင့်ထွင်ကာ စဉ်းစားတွက်ချက်ထားကာ ရေးသားပြုစုခဲ့သော အာကာသသျှတ္တရကျမ်းတစ်ခုမှာ အတော်ပင် နာမည်ကြီးခဲ့လေ၏။ သူ့တွင် စိန်ကောင်း၊ ကျောက်ကောင်း၊ ရတနာကောင်းများရှိသည် ဟူ၍လည်း ကျော်စောနေလေ၏။ မေရီသည် စိန်၊ ကျောက်၊ ရတနာများကို နှစ်သက်၏။ တစ်ခါက အတော်အသွေးကောင်းသော မြတစ်လုံး မဟာရာဇာက လက်ဆောင်ပေးဖူး၏။ မဟာရာဇာမှာလည်း စိန်ကျောက်ရတနာ စုဆောင်းခြင်း၌ အထူးဝါသနာပါလှ၏။ ထိုကြောင့်ပင် မေရီနှင့် မဟာရာဇာသည် ပို၍ခင်မင်ကြလေ၏။ မဟာရာဇာကို သူသည် သိဒ္ဓိတင်၏။ မဟာရာဇာ သူ့တိုက်သို့ လာရောက်လည်ပတ်ခြင်းအတွက် ဂုဏ်ယူ၏။ အိန္ဒိယပြည်တွင် မဟာရာဇာများမှာ အထက်တန်းစားများဖြစ်၏။

သို့ရာတွင် မေရီသည် လျှပ်ပေါ်လော်လည်ခြင်းမရှိ။ သူ့လင်အပေါ်၌ သစ္စာရှိ၏။ သူ့လင်ကို ချစ်ခင်ယုယ၏။ ရိုသေမြတ်နိုး၏။ တစ်ခါတစ်ခါ မဟာရာဇာ မေရီထံသို့ လာလည်သည့်အခါ၌ အတော်ပင် ခမ်းနားစွာ ဧည့်ခံတတ်လေ၏။ သူ့ငွေနှင့်သူ ဖော်ရွေစွာဧည့်ခံသည်ကို သူ့ယောကျ်ားသည် မတားမြစ်။ မဟာရာဇာနှင့် မေရီတို့ အရောတဝင်နေထိုင်ကြသည်ကို ကာနယ်သည် အနည်းငယ်မျှ သဘောမကျသည့် အမူအရာကိုမပြ။ သူ့ဘာသာသူ အေးဆေးငြိမ်းချမ်းစွာပင် နေတတ်လေ၏။ ထို့ကြောင့်ပင် "မဟာရာဇာတော့ ကာနယ့်အိမ် လာနေလိမ့်မယ်" ဟု ပြောင်လှောင်သည့်အခါ၌ပင် ပြုံးရုံသာပြုံးတာ အနည်းငယ်မျှ မတုန်လှုပ်။ သူသည် နဂိုကတည်းကပင် အသားမည်း လူမျိုး အိန္ဒိယတိုင်းသားများကို ခင်မင်သောစိတ်မရှိ၊ မုန်းလည်း မမုန်းထား။ မဟာရာဇာမှာ အိန္ဒိယတိုင်းသားဖြစ်သည့်အတွက် မဟာရာဇာကို ခင်မင်ခြင်းမရှိသည်မှာ အပြစ်တင်ဖွယ်ရာ မဟုတ်ပေ။ သို့ရာတွင် မဟာရာဇာ မေရီထံသို့ လာလည်သည့်အခါ၌ ပျာပျာသလဲ မရှိလှစေကာမူ အိမ်ရှင်တို့ဝတ္တရား မပျက်ကွက်စေဘဲ ဖော်ရွေစွာပင် ဧည့်ခံလေ၏။

ထိုနေ့မှာ မေရီသူငယ်ချင်း ကေတီနှင့် သူ့ယောကျ်ား ကပ္ပတိန် ထိမားချင်းတို့ အလည်လာမည့်နေ့ ဖြစ်လေ၏။

မေရီနှင့် ကေတီမှာ ငယ်သူငယ်ချင်းဖြစ်လေ၏။ မေရီနေသောမြို့နှင့် ကေတီ

mgyoe.com

mgyoe.com

နေသောမြို့မှာ လေးမိုင်သာဝေးလေ၏။ မေရီမှာလည်း သူ့မြို့တွင်ထိပ်သီးဖြစ်၍ ကေတီမှာလည်း သူ့မြို့တွင် ထိပ်သီးများဖြစ်ကြလေ၏။ သူငယ်ချင်းနှစ်ယောက်မှာ အတော်ချစ်ကြ၏။ အပျိုဘဝနှင့် နေကြစဉ်က သူတို့သည် ကြီးလျှင်မည်ကဲ့သို့ ယောကျ်ားကို ယူမည်ဟု ဆွေးနွေးခဲ့ကြ၏။ ကေတီယောကျ်ားဟာလေ အရပ်မြင့်ရမယ်၊ ရင်အုပ်ကျယ်ရမယ်၊ ချောရမယ်။ အထူးသဖြင့် အရက်မသောက်တတ်ရဘူးနော် မေရီ။ အရက်သောက်တတ်တာ မကောင်းဘူး မေရီရဲ့။ ကေတီဖြင့် နည်းနည်းမှမကြိုက်ဘူး။ မေရီယောကျ်ားယူရင်ကော ဘယ်လိုယောကျ်ားမျိုးယူမလဲဟု မေရီကိုဖက်ရင်း ပြောသည့်အတွက် မေရီနဲ့ကေတီစိတ်ကူးချင်း သိပ်တူတာပဲ။ မေရီလည်းလေ အရက်သောက်တာ နည်းနည်းမှမကြိုက်ဘူး။

နောက်များမကြာမီ မေရီနှင့် ကာ့နယ်ကလော်ဒီ အင်နစ်လေးတို့ လက်ထပ်လိုက်ကြလေ၏။ (၃) ရက်မျှအကြာတွင် နယ်ပြောင်းရန် အမိန့်စာကျလာတာကြောင့် အိန္ဒိယပြည် မြို့တစ်မြို့သို့ ပြောင်းရွှေ့သွားရလေရာ မင်္ဂလာခရီးထွက်သည် နှင့်မခြားဖြစ်သွားလေ၏။ ငါးနှစ်ခန့် ကြာသွားလေပြီ။ ကေတီနှင့် ကပ္ပတိန် ထီမားချင်းတို့ လက်ထပ်ကြောင်းကို သိရလေ၏။ နောက်အိန္ဒိယပြည်သို့ပင် ပြောင်း လာရကြောင်း စာရပြန်လေ၏။ မေရီတွင်ဝမ်းမြောက်၍ နေလေ၏။ ကေတီတို့ ရုံးစိုက် သောနယ်နှင့် မေရီတို့နယ်မှာ သိပ်မဝေးလှချေ။ မေရီသည် ကေတီနှင့် ကပ္ပတိန်တို့ကို ဖိတ်ကြားလိုက်လေ၏။ ထို့ကြောင့်ပင် မေရီသည် အိမ်ကို ပြင်ဆင်နေရာ အားမရနိုင်အောင်ပင် ရှိနေလေ၏။ အစေခံများ လုပ်သည်ကိုပင် မကျေနပ်နိုင်ဘဲ သူကိုယ်တိုင်ပင် စီစဉ်လျက်ရှိလေ၏။ မေရီသည် ငွေပန်းအိုးများကို နေသားတကျဖြစ်စေကာ ကျေနပ်နေလေ၏။ ငွေပန်းခိုင်ကလေးကို ခုံကလေးပေါ်တွင် တင်ထားလိုက်လေ၏။ နောက်သူသည် ခပ်လှမ်းလှမ်းသို့သွားကာ ဧည့်ခန်း အပြင်အဆင် လှမလှ ကြည့်နေလေ၏။ သူသည် ကျေနပ်၏။ မေရီ ပြုံးလေ၏။

## (၂)

နောက်မေရီသည် အပေါ်ထပ်သို့ တက်သွားပြန်လေ၏။ ကေတီတို့လင်မယားအတွက် အိပ်ခန်းများကို ပြင်ဆင်ရန် အမိန့်ပေးနေလေ၏။ လက်ထပ်ပြီးကတည်းက ကွဲကွာနေသော သူ့သူငယ်ချင်း၏ရုပ်ကို မှန်းကြည့်နေလေ၏။ သူ့ယောကျ်ားသည် မည်ကဲ့သို့သူဖြစ်သည်ကိုလည်း သူသိချင်လှ၏။ သူသည် သီချင်းကလေး တအေးအေး

mgyoe.com

mgyoe.com


နှင့် မျှော်နေလေ၏။ အပေါ်ထပ်ကြမ်းပြင်မှာ တောက်ပြောင်ဝင်းလက်၍နေ၏။ သူ၏အိမ်ကို ခမ်းနားသည်ထက် ခမ်းနားအောင် ပြင်ဆင်နေလေ၏။ နောက် (၃) ရက်အကြာတွင် မဟာရာဇာလည်း အလည်လာမည် ဖြစ်လေ၏။ ညနေဘက်သို့ ကူးလာလေပြီ။

အပြင်အဆင် လိုဖွယ်မရှိ၍ အောက်ထပ်ဧည့်ခန်းသို့ ပြန်လာသောအခါ၌ ဧည့်သည်များနှင့် ဝန်စည်စလယ် အထုပ်အပိုးများ၊ အစေခံတို့ကို တွေ့ရှိရလေ၏။

"ဟော့... ကေတီတို့ ရောက်နေပါလား" ဟု လှေကားမှ အပြေးကလေးဆင်းလာကာ သေးသေးသွယ်သွယ် ကေတီဆိုသူ မိန်းမပျိုကိုဖက်ရင်း အားရဝမ်းသာစွာဖြင့် "တို့သူငယ်ချင်းနှစ်ယောက် ကွဲနေတာ အတော်ကြာပြီနော်" ဟုပြောလေ၏။

ကေတီသည် ဝမ်းမြောက်သည်နှင့်မခြား ပြုံးနေလေ၏။

"ကေတီဖြင့်လေ၊ မေရီတို့နဲ့ တွေ့ရတာ သိပ်ဝမ်းသာတာပဲ။ မေရီရေ ကေတီယောကျ်ားနဲ့လည်း အသိဖွဲ့ပေးပါရစေဦးနော်"

အရပ်မြင့်မြင့် ကျန်းမာတောင့်တင်းပုံရသော ယောကျ်ားပျိုသည် ဦးခေါင်းကို အနည်းငယ် ညွတ်လိုက်လေ၏။

"ခုလိုတွေ့ရတာ အများကြီးဝမ်းသာပါတယ်။ ကျွန်တော့်မယားနဲ့လည်း ငယ်သူငယ်ချင်းတွေဆိုတော့ ခင်မင်ပါတယ်" ဟု ကေတီ၏ယောကျ်ားသည် အေးဆေးစွာ ပြောလေ၏။

မေရီသည် ကေတီယောကျ်ားကို သိပ်သဘောမကျလှချေ။ သူ၏စိတ်ထဲ၌ လုံလောက်သော အကြောင်းပြချက်မရှိဘဲ အလိုလို သဘောမကျခြင်း ဖြစ်လေ၏။

မေရီလည်း ကေတီကိုကြည့်ကာ "မေရီဖြင့်လေ ပြောမပြနိုင်လောက်အောင်ကို ဝမ်းသာတာပဲ။ ကေတီက အရင်တုန်းကလိုပဲ ချစ်စရာလေးပဲနော်။ ရုပ်လည်း မအိုသွားပါဘူး။ မသိတဲ့လူဆိုရင် အပျိုလို့ ပြောမှာပဲ။ ထိုင်ကြပါဦး... ထိုင်ကြပါဦး....။ အပေါ်မသွားခင် လက်ဖက်ရည် သုံးဆောင်ကြသေးတာပေါ့။ ဒါထက် ကျွန်မယောကျ်ားနဲ့ အသိဖွဲ့ပေးရဦးမယ်။ ကလော်ဒီရေ... ကလော်ဒီရေ..."

ကာနယ်ကလော်ဒီမှာ ဧည့်သည်များလာ၍ခေါ်မှ အောက်သို့ ဆင်းတတ်သည့်အတိုင်း ဝရန်တာမှ ဧည့်ခန်းသို့ကူးလာလေ၏။ ကပ္ပတိန်ထိမားချင်းနှင့် ယှဉ်ရပ်လိုက်လျှင် ကာနယ်ကလော်ဒီ၏အဆင်းမှာ ထင်ပေါ်နေလေ၏။ မေရီမှာ သူ့ယောကျ်ား၏ချောမောခြင်းကို ဂုဏ်တက်သည့်မျက်နှာနှင့် "ဒါက ကျွန်မ ယောကျ်ား ကာနယ်

mgyoe.com

mgyoe.com

ကလော်ဒီအင်နစ်လေးဆိုတာ။ ဒါက မေရီနဲ့ သိပ်ချစ်တဲ့ မေရီ့သူငယ်ချင်း ကေတီ၊ ကေတီယောကျ်ား ကပ္ပတိန် ထိမ်းချင်း”ဟု အသိဖွဲ့ပေးလေ၏။

ကာနယ်သည် အသာအယာ ဦးခေါင်းကို ညွတ်လေ၏။ နောက်သူသည် ကေတီ၏အနီးတွင် ဝင်ထိုင်ကာ သူ့ယောကျ်ားအကြောင်း၊ လာခဲ့ရသည့် ခရီးစဉ်တို့ကို မေးမြန်းကာ ဖော်ရွေစွာ ဧည့်ခံစကားပြောနေလေ၏။ ကေတီမှာ အပျိုဘဝတုန်းကကဲ့သို့ အသားအရေ စိုပြည်နုဖပ်လျက် လှပဝင်းစို၍နေသည်ကို တွေ့ရလေ၏။ အပျိုရည်မပျက်ဘဲ ရှိသည်ကို မေရီသည် အံ့သြမိလေ၏။ သို့ရာတွင် ကေတီ၏မျက်လုံးများမှာ ဝမ်းနည်းသောအသွင်ဆောင်သည်ကို မေရီသည် ကောင်းစွာအကဲခတ်မိလေ၏။ ကေတီကား သူ့ယောကျ်ားမေးသမျှကို ပြုံးရွှင်စွာ ဖြေနေလေ၏။

မကြာမီ လက်ဖက်ရည်ပွဲ ပြီးစီးသွားလေ၏။

သူ့ယောကျ်ားနှင့် ကေတီယောကျ်ားကို အပြင်ခန်းတွင်ထားခဲ့ကာ မေရီသည် သူ့သူငယ်ချင်းအား လည်ပင်းကိုဖက်ကာ အတွင်းခန်းသို့ ခေါ်သွားလေ၏။ ယောကျ်ားပျိုနှစ်ဦးကား စကားပြောရင်း ကျန်ရစ်ခဲ့ကြလေ၏။

လက်ထပ်ပြီးကတည်းက ကွဲကွာနေသော သူငယ်ချင်းနှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြလေ၏။

“ကေတီကြည့်ရတာ စိတ်ပျော်ပုံမရဘူး”

ကေတီသည် ဝမ်းနည်းစွာ ပြုံးနေလေ၍ ကျွန်မမျက်နှာကိုကြည့်ပြီး...

“ရှင် အကဲခတ်နိုင်တယ်နော်၊ ဟုတ်တယ် ကျွန်မ သိပ်မပျော်လှဘူး။ ဒါပေမဲ့ အရေးမကြီးပါဘူး”

“အရေးမကြီးဘူး ဟုတ်လား...”

“ဟုတ်တယ် မေရီ၊ မဟုတ်လို့ကော ဘယ့်နှယ်လုပ်မလဲ၊ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ အောက်မေ့ရတာပဲ”

“ဒါပေမဲ့ ရှင်တို့အချင်းချင်း ကြိုက်ပြီးမှ လက်ထပ်တာမဟုတ်လား”

“ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ အချစ်အရသာကို မခံစားကြရဘူး။ ရှင်တို့ကော ကြိုက်ပြီးမှ လက်ထပ်တာမဟုတ်ဘူးလား”

မေရီသည် အနည်းငယ် ပြုံးလေ၏။

“မဟုတ်ပါဘူး... ကေတီရယ်” ဟုလေကိုနှိမ့်လျက်....

“ကျွန်မလက်ထပ်တယ်။ လက်ထပ်ဖို့အချိန်ရောက်လို့မှ လက်မထပ်သေးရင်

mgyoe.com

mgyoe.com

အပျိုကြီးဖြစ်သွားမှာပေါ့။ ကျွန်မဟာ သဘောကောင်း၊ ဂုဏ်ရှိ၊ ရုပ်ချောတဲ့ ယောကျ်ားကို မျှော်လင့်တယ်။ ခု ကျွန်မယောကျ်ားဟာ ကျွန်မအလိုနဲ့ မဆန့်ကျင်ဘူး၊ တော်ရောပေါ့ကွယ်"

"ဒါပေမဲ့ ကေတီယောကျ်ားဟာ ကေတီထင်သလို မဟုတ်ဘူးကွယ်။ အရင်တုန်းကလေ မှတ်မိသေးလား။ မေရီနဲ့ ဘယ်လိုယောကျ်ားမျိုးမှ ယူမယ်၊ ဘာမယ်၊ ညာမယ်နဲ့ ပြောခဲ့ကြတာလေ။ ဟို... အပျိုဘဝတုန်းက စိတ်ကူးနဲ့ရူးခဲ့ကြတာတွေ တစ်ခုမှ မှန်းတိုင်းမပေါက်ဘူး။ ခုတော့ စိတ်မပျော်လည်း အပိုပေါ့။ ပျော်အောင် လုပ်နေရတော့တာပဲ"

မေရီသည် ကေတီ၏ညှိုးနွမ်းသော မျက်နှာကိုကြည့်ကာ သနားလေ၏။ ကေတီ၏ ဝမ်းနည်းသောသင်္ကေတများဆောင်သော မျက်လုံးများမှာ တစ်မျိုး ချစ်စရာကောင်းနေလေ၏။ မေရီသည် ကေတီကိုဖက်ကာ...

"ကေတီက ခုထက်ထိချောတုန်းပဲနော်။ အရင်အပျိုတုန်းကလို လှနေသေးတာပဲ၊ ဟဲ... ဟဲ... ဘယ်လိုပဲ စိတ်မပျော်ဘူးဆိုပေမဲ့ ရုပ်ကတော့ မအိုဘူးနော်၊ စိတ်ထောင်းလို့ကိုယ်ကျေဆို မှားတာပေါ့"

"အင်း... ဟုတ်တယ်" ဟု အသံထွက်သွားအောင်ပင် ရယ်မောလျက်...

"ကျွန်မကိုယ်ကျွန်မတောင် အံ့ဩမိတယ်။ အမယ် ကေတီကိုမပြောနဲ့၊ မေရီလည်း အပျိုတုန်းကလိုပဲ စိုစိုပြည်ပြည်နဲ့ပဲ။ ဒါပေမဲ့ ရှင်က စိတ်ပျော်ပုံရပါတယ်။ ဒါထက်ပြောရဦးမယ်။ ကေတီအပျိုတုန်းက ခဏခဏပြောတာ မှတ်မိသေးလား။ အရက်သောက်တဲ့လူကို မုန်းတယ်ဆိုတာလေ။ ကေတီယောကျ်ားဟာ အရက် သိပ်သောက်တာပဲ မေရီရယ်။ ကေတီဖြင့် သိပ်စိတ်ညစ်တာပဲ။ အဲ့ဒါ သတိပေးပါရစေ။ အရက်တွေဘာတွေလည်း သူမမြင်ပါစေနဲ့နော်။ အိမ့်ရှင်မို့ ပြောထားရတယ်..."

ကေတီမျက်လုံးအိမ်ထဲတွင် မျက်ရည်များ ဝဲနေလေရာ တောက်ပြောင်၍ နေလေ၏။

(၃)

"မေရီယောကျ်ားကိုလည်း ပြောထားပါနော်။ သူက သောက်မိရင် အလွန်အကျွံသောက်တတ်တယ်"

"ဟုတ်ကဲ့... ပြောထားပါ့မယ်။ မေရီယောကျ်ားကတော့ မသောက်တတ်ပါဘူး။

mgyoe.com

 mgyoe.com 

သူလည်း အားကြီးသဘောကောင်းရှာပါတယ်။ သူ့ပြောထားလိုက်ရင် အလွန်အကျွံ မဖြစ်အောင် သတိပေးနိုင်တာပဲ"

"ဟုတ်တယ်၊ ဒါကောင်းပါတယ်။ မေရီယောကျ်ား သဘောကောင်းပုံလည်း ရပါတယ်"

မေရီသည် သက်ပြင်းရှည်ကြီးချလိုက်၏။ နှစ်ယောက်သား စကားမပြောကြ။ အတန်ကြာ ငြိမ်သက်၍နေလေ၏။

"ဩော်... ဒါထက် ပြောစရာတစ်ခု ကျန်နေသေးတယ်။ ကေတီလေ ကလေး တစ်ယောက်ရတယ်"

မေရီကား ကေတီကိုကြည့်ကာ ဝမ်းမြောက်နေလေ၏။

"ဟင်... ဟုတ်လားကွယ်၊ ဘယ်တုန်းကလဲ"

"(၂)နှစ်လောက်ရှိပြီ။ ကလေးက ဝဝလေး။ သိပ်ချစ်စရာကောင်းတာပဲ။ ဒါပေမဲ့ သုံးလသားမှာ ဆုံးသွားတယ်"

"ကျွတ်... ကျွတ်... သနားစရာကွယ်။ ကေတီတို့တော့ သိပ်ဝမ်းနည်းမှာပဲနော်..."

ကေတီလည်း အေးဆေးစွာနှင့်...

"ဟင့်အင်း... ဝမ်းမနည်းပါဘူး၊ ကလေးကိုခေါ်တဲ့ သေမင်းကိုတောင် ကျေးဇူး တင်လိုက်သေး။ ကြီးလာရင်လည်း သူ့အဖေနဲ့ တထေရာတည်း နေမှာပဲ။ ဘာလုပ် မလဲ"

ကေတီသည် သက်ပြင်းရှည်ကြီး ချလိုက်လေ၏။ အတော်ကြာ တိတ်ဆိတ်၍ နေပြန်လေ၏။

"ကဲလေ... စိတ်ညစ်စရာတွေ ပြောမနေနဲ့။ ပြောနေလို့လည်း အရာမရောက်ပါ ဘူး။ မေရီဆီမှာနေရင် ကေတီ စိတ်ပျော်ရမယ်နော်။ ကေတီ ပျော်ပျော်နေနော်။ ဒါမှ မေရီလည်း ကျေနပ်မှာ။ ဒီနေ့ ညစာထမင်းပွဲကို လူကြီးလူကောင်းတွေ လာကြ လိမ့်မယ်။ ပျော်ပျော်ပါးပါး စားကြ၊ သောက်ကြရအောင်။ မေရီလည်း အဝတ်သွားလဲ လိုက်ဦးမယ်။ ကေတီလည်း လဲမယ်မဟုတ်လား"

"လဲလေ၊ လဲတာပေါ့"

သူတို့သည် အခန်းထဲမှ ထွက်ခဲ့ကြလေ၏။

"ဩော်... ဒါထက် ပြောရဦးမယ်။ ကေတီရေ... မေရီတို့ဆီကိုလေ မဟာရာဇာ တစ်ယောက် လာလည်လိမ့်မယ်။ ဒဗ္ဗလင်က ဒေါက်တာဘွဲ့ယူခဲ့တယ်။ အင်္ဂလိပ်

mgyoe.com

mgyoe.com

စကားကိုလည်း ကောင်းကောင်းပြောနိုင်တယ်။ ဝတ်ထားလိုက်တာလည်း စိန်တွေချည်းပဲ။ စိန်တွေမှ အမျိုးကြီးရှိတယ် ကေတီရဲ့။ သူလာလို့ရှိရင် မေရီတို့ ဘော(လ်)က ကြရအောင်နော်။ ကေတီလည်း ပါပါ၊ မေရီတို့ ပျော်ပျော်ကြီး ကကြမယ်နော်"

မေရီပြောသည်ကို ကေသီသည် ခေါင်းညိတ်လေ၏။

သူတို့သည် အပေါ်ထပ်သို့ တက်သွားကြလေရာ လမ်းတွင် ကာနယ်နှင့် ကပ္ပတိန်ကို တွေ့ကြလေ၏။

"ကလော်ဒီ၊ ကပ္ပတိန် ထိမ်းမားချင်းကို အခန်းပြပြီးလို့ရှိရင် မေရီဆီ ခဏလာပါဦး။ မေရီစကားတစ်ခွန်းပြောချင်လို့..."

ကာနယ်သည် ကပ္ပတိန်အား အခန်းကို လိုက်လံပြသပြီးနောက် ပြန်လာရာ ညှော်ခန်းတွင် သူ့မယားစောင့်နေသည်ကို တွေ့ရလေ၏။

"ကို့ကို တစ်ခုပြောရဦးမယ်။ ကေတီယောကျ်ားဟာလေ အရက်သိပ်သောက်တာဆိုပဲ..."

"အေး... ဟုတ်တယ်။ ကိုယ်လည်း အထင်သားပဲ။ သူ့ရုပ်ကြည့်ရတာကို အရက်သမားရုပ် ပေါက်နေတာပဲ"

"ကိုတော့ တစ်ခါတလေတောင် မသောက်ဘူးနော်..." ဟုမေရီက ပြုံးကာ မေးလိုက်သည့်အတွက်။

"မသောက်ပါဘူးကွဲ့၊ ဘာလုပ်မလို့လဲ"

"ဘာမှတော့ မလုပ်ပါဘူး။ အပျိုတုန်းက အရက်သောက်တတ်တဲ့လူကို ဘယ်တော့မှ မယူဘူးလို့ ကေတို့ကို ကြွားထားလို့။ ခုတော့ သိပ်ကောင်းနေတာပေါ့..."

ကာနယ်ကား သူ့မယားကို ကြည့်ကာ ပြုံးနေလေ၏။

"သူ ဒီနေ့ ကလို့ရှိရင် ကိုက ပစ်မထားပါနဲ့။ သူ့ကို ဂရုစိုက်နေပါ"

"သူ က,ဦးမလို့လား"ဟု ကာနယ်က အံ့သြစွာမေးသောကြောင့်...

"သေသေချာချာ ကမယ်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ က,ချင်လည်း ဝင်ကမှာပဲ။ ဒီတော့ ကိုက နည်းနည်းထိန်းပေးပါ။ အရက်တွေ ဘာတွေကိုလည်း သူနဲ့ဝေးဝေးမှာ သွားထားပေါ့။ ကေတီကလည်း သူ့ယောကျ်ား အရက်သောက်လို့ သိပ်စိတ်ညစ်နေတယ်။ ကေတီကို သနားပါတယ်"

ကာနယ်သည် မေရီပြောသမျှကို ငြိမ်သက်စွာ နားထောင်နေလေ၏။ သူသည် စားပွဲခုံကို လက်နှင့် တဒေါက်ဒေါက်မြည်အောင် တောက်နေလေ၏။

mgyoe.com

 mgyoe.com


"မေရီပြောတာများ ကိုနားလည်တယ် မဟုတ်လား။ မေရီတို့က အိမ်ရှင်တွေပဲ။ သူ့ လူတွေရှေ့မှာ မြင်မကောင်းမဖြစ်အောင်ကာကွယ်ဖို့ ဝတ္တရားရှိတယ်နော်။ သူ့ကို နည်းနည်း-ဂရုစိုက်ပါ"

"အေး... အေး...၊ ငါတတ်နိုင်သလောက်တော့ ကြိုးစားထိန်းပေးပါ့မယ်" ဟု ပြောကာ ကာနယ်သည် အခန်းပြင်သို့ထွက်ရန် ခြေလှမ်းစပြုလေ၏။

"ကလော်ဒီ..." ဟု မေရီက ညင်သာစွာ ခေါ်ပြန်လေ၏။

ကာနယ်သည် အခန်းဝမှ ပြန်လာရပြန်လေ၏။

"ကို့ဆီမှာ ညစာထမင်းစားပွဲမှာဝတ်ဖို့ အင်္ကျီအတွက် ပန်းပွင့်ထိုးစရာ မရှိဘူး မဟုတ်လား။ မေရီပေးမယ်နော်..." ဟု ပြုံးကာ ပြောလေ၏။

မေရီသည် ငွေလင်ပန်းထဲမှ ပန်းတစ်ပွင့်ကိုယူကာ သူ့ယောကျ်ားအင်္ကျီ ကြယ်သီးတွင် ထိုးပေးလေ၏။ ကာနယ်ကား အဝတ်အစားကို ကျနသေသပ်စွာ ဝတ်ဆင်ထားလေရာ တစ်မျိုးလှပနေလေ၏။ မေရီသည် သူ့ယောကျ်ား၏မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်နေလေ၏။

"ကျေးဇူးတင်တယ် မေရီ..."

## (၄)

ညစာထမင်းစားပွဲကြီး ပြီးစီးသွားလေ ပြီ။

ကပ္ပတိန်မှာ ထိုညနေ၌ သစ်လွင်သောဒ့ဝတ်အစားများကို ဝတ်ဆင်ထားလေရာ ကေတီထင်သလောက် အရုပ်မဆိုးဟု မေရီက မှတ်ချက်ချလေ၏။ ထမင်းစားပွဲ၌ အရက်အရိပ်အယောင်ဆို၍ စပျစ်ရည်တောင် မပါသောကြောင့် အစေခံများပင် အံ့သြမိလေ၏။ ကေတီမှာ သူ့လင်အရက်သောက်ရန် အခွင့်မရသည်ကို တွေ့ရသောကြောင့် ဝမ်းသာ၍နေလေ၏။ ကပ္ပတိန်သည် အရက်ကိုရှာဖွေတောင်းဆိုခြင်း မပြုသည့်အတွက် ကာနယ်က "မေရီပြောသလောက်လည်း အရက်ကို ခုံခုံမင်မင်ရှိတာ မဟုတ်ပါဘူး" ဟု တွေးမိလေ၏။ မှန်ပေသည်။ တကယ်ပင် တစ်ခါမှ သူမသောက်။ (၃)ရက်လောက်သာ လွန်သွားသည်။ တစ်ခါမှ အရက်ကို မတို့။ အားလုံး ဝမ်းမြောက်လျက်ရှိကြလေ၏။ ကေတီမှာ အထူးသဖြင့် ပျော်ရွှင်၍ နေလေ၏။ သူငယ်ချင်းနှစ်ယောက်မှာ ရှေးအပျိုဘဝတုန်းက ပျော်ကြပုံများကို ပြန်ပြောင်းပြောကြကာ ရယ်လိုက်၊ မောလိုက်နှင့်ရှိကြခိုက် ကာနယ်နှင့် ကပ္ပတိန်မှာလည်း အိန္ဒိယပြည်အုပ်ချုပ်ရေးစနစ်ကို ဆွေးနွေး

mgyoe.com

mgyoe.com


နေကြလေ၏။ ယခင်က ကေတီ၏ဝမ်းနည်းသည့်အသွင်ဆောင်နေသော မျက်လုံးလေးမှာ တောက်ပြောင်ဝင်းလက်၍လာကာ ပျော်ရွှင်သည့်သဏ္ဌာန်သို့ ကူးပြောင်းလျက်ရှိသည်ကို တွေ့ရလေ၏။ မေရီမှာလည်း သူ့သူငယ်ချင်း မိမိတို့အိမ်တွင် ပျော်ရွှင်ပုံရသည်ကို အားရ၍မဆုံး ရှိနေလေ၏။

ကေတီတို့ရောက်၍ (၅)ရက်ခန့်ကြာသောအခါ မဟာရာဇာ ရောက်၍လာလေသည်။

သူသည် အဖိုးတန်ပိုးဖဲတို့ဖြင့် ရက်ထားသော အဝတ်အစားကို ဝတ်ဆင်ထားလေ၏။ စိန်တို့မှာလည်း သူ့ကိုယ်တွင် ပြည့်နှက်လျက်ရှိလေရာ နှင်းပေါက်များ တဖွဲဖွဲကျနေသလောဟု မှတ်ထင်ဖွယ်ရှိလေ၏။ သူသည် ချောမောလှပသော ယောကျ်ားပျိုဟု လူတိုင်းဝန်ခံရမည် ဖြစ်လေ၏။ သူသည် မှန်ကန်သောအင်္ဂလိပ်စကားကို ယဉ်ကျေးသိမ်မွေ့စွာ ပြောလေရာ အင်္ဂလိပ်ပညာတတ်တစ်ဦးဖြစ်မှန်း အကဲခတ်နိုင်လေ၏။ သူ၏အပြုအမူများမှာလည်း ခံ့ညား၍ ဂုဏ်သရေရှိ လူကြီးလူကောင်း ပီသပါပေ၏။

သူသည် ပထမ ကေတီကို သွားမြင်လေသည်။

သူ၏မျက်လုံးများသည် အရောင်တဖိတ်ဖိတ်လက်ကာ တောက်ပြောင်၍လာလေ၏။ သူ၏မျက်လုံးသည် အချစ်ရည်အချစ်သွေးတို့ဖြင့် တလွင်လွင်ပြွမ်းနေ၏။ နောက် ကေတီနှင့်သူ မိတ်ဆွေဖြစ်သွားလေသည်။

ကေတီကား သူ့စိတ်တွင် ရှုတိုင်းယဉ်နေ၏။ ကေတီ့မျက်နှာကို သူသည် တစိမ့်စိမ့်ကြည့်နေချင်၏။ ကေတီ၏ ချစ်စဖွယ်မျက်နှာကလေးကို သူ့တစ်သက်တွင် မမေ့နိုင်။ ကေတီ၏ပြုံးစနဲ့ အပြုအမူသည် သူ့မျက်လုံးထဲကမထွက်။ ကေတီရုပ်ရည်ကား မဟာရာဇာ၏စိတ်ကို အရည်ကျိုနေလေပြီ။ ကေတီကိုမြင်လျှင် မဟာရာဇာ၏ရင်သည် တဒိတ်ဒိတ်ခုန်နေ၏။ ကေတီအနီးသို့ရောက်လာလျှင် သူ့တွင် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းပမ်းနည်း ဖြစ်နေ၏။ သူနှင့် အမျိုးချင်းလည်း မတူ။ ဘာသာအယူဝါဒချင်းလည်း မတူ၊ အခြေအနေချင်းလည်း မတူသည်ကို သူသည် ကောင်းစွာတွေးမိ၏။ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်သည်ကို သူသိ၏။ တစ်ခါက ကေတီရင်တွင် ထိုးထားသော ပန်းကလေးကို ကေတီ ညှိုးနွမ်းသည်ဆို၍ အပြင်သို့ လွှင့်ပစ်လိုက်၏။ မဟာရာဇာသည် သူကိုယ်တိုင် သွား၍ကောက်ကာ မိမိ အခန်းထဲသို့ ရောက်သောအခါ၌ အကြိမ်ကြိမ်အဖန်ဖန် နမ်းရှုပ်နေလေ၏။ သူ၏ အချစ်ရည်တို့

mgyoe.com

 mgyoe.com 

သည် တကျိုက်ကျိုက်တောက်လောင်၍ လာခဲ့လေပြီ။

(ဘောလ်)ကပွဲပြုလုပ်မည့် ညနေသို့ ရောက်လာလေပြီ။

ထိုနေ့ညနေ၌ ခမ်းနားကြီးကျယ်စွာ ကျင်းပသော ညစာထမင်းစားပွဲကြီးကို မဟာရာဇာသည် မတက်ရောက်။ ကေတီသည် အဝတ်အစား အပြည့်အစုံ ဆင်ယင်ပြီးစီးသောကြောင့် အောက်ထပ်သို့ လှေကားမှ ဆင်းလာသည်ကို မဟာရာဇာသည် သူ့အခန်းအပေါက်ကလေးထဲမှ ချောင်းကြည့်နေလေ၏။ ကေတီ၏ ရွှေရောင်ဆံယဉ်ဆံညွန့် ဆံနုကလေးများသည် သူ၏ကုပ်ပေါ်တွင် တွဲရရွဲ ပျံ့လွင့်ဝဲပျံနေလေ၏။ မီးရောင်တွင် ကေတီ၏အသားမှာ ရွှန်းဝင်း၍နေလေ၏။ သူမ၏ ကျစ်ကျစ်လျစ်လျစ် လုံးလုံးကလေးထစ်၍ ပြေပြစ်ညီညွတ်ကာ အဆင်ပြေလှသော ကိုယ်လုံးကိုယ်ပေါက်နှင့် ဖက်ဖူးရောင်ဂါဝန်မှာ ရွှေနှင့်မြကဲ့သို့ အလွန်လိုက်လျောလှပေ၏။ ကေတီသည် သူ့အခန်းနှင့် တဖြည်းဖြည်း နီးလာ၏။ မဟာရာဇာ၏နှလုံးထဲတွင် ပွက်ပွက်ဆူနေသော အချစ်စိတ်တို့သည် ဗလောင်ဆန်နေ၏။ သူ၏ရင်သည် တဒိတ်ဒိတ်ခုန်နေ၏။ နောက် သူသည် သက်ပြင်းကြီး ချလိုက်လေ၏။

(၅)

ခံ့ညားသိုက်မြိုက်သော ဧည့်ခန်းမကြီးကား ရယ်သံ၊ မောသံ၊ တူရိယာသံ တို့ဖြင့် အသက်ဝင်နေ၏။ တထိန်ထိန်လင်းနေသော မီးရောင်အောက်တွင် ပိုးရောင်၊ ဖဲရောင်၊ စိန်ရောင်၊ ရွှေရောင်တို့သည် ပြိုးပြိုးပြက်နေလေ၏။

ညစာ ထမင်းစားပွဲသို့ ကြွရောက်သောပရိသတ်မှာ ဂုဏ်သရေရှိ ဥရောပ တိုက်သားများ ဖြစ်သောကြောင့် ဝိုင်အရက်လည်း ထည့်ရလေ၏။ ကာနယ်သည် ကပ္ပတိန်သောက်ရန်အတွက် အရက်ကို ချိန်ကာငှဲ့ပေးနေလေ၏။ စားပွဲပေါ်၌ အရက်များရှိသောကြောင့် ကပ္ပတိန်ကို တားမြစ်လျှင် ရလိမ့်မည့်မဟုတ်ဟု သူသိ၏။ သို့ဘာသာသူ သောက်ချင်သလိုသောက်ခြင်းထက် မိမိက မမူးစေနိုင်အောင် ချင့်ချိန်ငှဲ့ပေးရလျှင် တော်သေး၏ဟု အထင်ရှိသဖြင့် ကပ္ပတိန်အား ငှဲ့ပေးနေခြင်း ဖြစ်လေ၏။

အချိုအချဉ်ပွဲလည်း မကြာမီ ပြီးစီးသွားလေ၏။ ဧည့်သည်မိန်းမပျိုအားလုံးလည်း (ဘောလ်)ကရန်အတွက် ပြင်ဆင်ထားသည့်နေရာသို့ သွားလေ၏။ မေရီလည်း သူ့လင်အနားသို့ ရောက်လာပြန်လေ၏။

"နောက်ရောက်တဲ့ဧည့်သည်တွေကို ကိုက ဧည့်ခံပါဦး။ မေရီ ကဖို့အတွက်

mgyoe.com

mgyoe.com


သွားစီရင်ရဦးမယ်နော်... ကလော်ဒီ”

“အေး... အေး... ကိုယ်သိပါတယ်”

ကာနယ်ကား နောက်ရောက်သည့် ဧည့်သည်များကို ဧည့်ခံနေရပြန်လေ၏။ မဟာရာဇာသည် အဖိုးတန် ကျောက်မျက်ရတနာများကို ဝတ်ဆင်ကာ ရောက်လာပြန်လေ၏။ သူသည် ကပွဲပြုလုပ်သည့် အခန်းထောင့် သီးသန့်နေရာတွင် ဝင်ထိုင်လေ၏။

တူရိယာလည်း တီးမှုတ်ကျူးရင့်လေပြီ။ ကပွဲလည်း စလေပြီ။ ယောကျ်ားများ ကပွဲပြုလုပ်သည့်အခန်းသို့ သွားကြလေ၏။ ထိုအထဲတွင် ကပ္ပတိန်ထိမားချင်းလည်း ပါလာလေသည်။ အပြင်ဘက်တွင် ဧည့်သည်အသစ်များကို နှုတ်ဆက်နေသော ကာနယ်ကလော်ဒီသည် ကပ္ပတိန် ကပွဲအခန်းသို့ ဝင်လာသည်ကို မြင်လိုက်၏။ သူသည် အေးအေးဆေးဆေးပင် လမ်းလျှောက်နေသည့်အတွက် အမူးလွန်ရန်အတွက် ဘာမျှမဖြစ်နိုင်ဟု စိတ်ချကာ နောက်ထပ်လာကြသည့် ဧည့်သည်များကိုသာ ဖော်ရွေစွာ စကားပြောနေလေ၏။ ကပ္ပတိန်သည် ဧည့်သည်တစ်ဦး နှစ်ဦးနှင့် စကားအတန်ကြာ ပြောကာ ကာနယ်အလုပ်များနေခိုက် အခြားသူများ မသိစေဘဲ အခန်းထဲမှ ထွက်သွားသည်ကို မည်သူမျှ ဂရုမထားလိုက်ကြချေ။

မဟာရာဇာကား ကေတီကနေသည်ကိုသာ လိုက်၍ မျက်တောင်မခတ်ဘဲ ကြည့်နေလေ၏။ ကေတီ၏ဂါဝန်သည် လွှားခနဲ၊ လွှားခနဲ ဝင့်နေသည်မှာ နတ်သမီးလောဟု မှတ်ထင်ဖွယ်အသွင်ကို ဆောင်နေလေ၏။ မဟာရာဇာ၏ မျက်လုံးတို့သည် အချစ်ရည်ဖြင့် ပြွမ်းနေသောကြောင့် တောက်ပြောင်၍နေလေ၏။ ကေတီ၏ အလှအပတို့ကား မဟာရာဇာ၏အသည်းကို ချေမှုန်းပစ်သည်နှင့် တူလေ၏။ သာယာငြိမ့်ရွှန်းသော တူရိယာသံသည် ချိုနွဲ့စွာပျံ့လွင့်နေလေ၏။

သို့ ကနေကြခိုက် ကေတီ၏လက်ပါးစေတစ်ဦးသည် ကေတီနားသို့လာကာ တစ်စုံတစ်ရာ တီးတိုးပြောလေ၏။ ကေတီသည် ပထမ မျက်နှာပျက်သွားလေ၏။ နောက် မပြုံးချင်ပြုံးချင် ပြုံးကာ သူ့အဖော်အား ခွင့်လွှတ်ရန်တောင်းပန်၍ လက်ပါးစေနှင့်အတူ ကပွဲအခန်းအပြင်သို့ ထွက်သွားလေ၏။ မဟာရာဇာလည်း ခဏမျှ ငေးနေပြီးမှ ကေတီတို့နောက်သို့ လိုက်သွားလေ၏။ သူတို့သည် ကပွဲခန်းမှ ထွက်ကာ အပြင်စင်္ကြံဘက်သို့ သွားကြလေ၏။ နောက်စင်္ကြံမှလျှောက်ကာ ထမင်းစားခန်းသို့ ရောက်သွားကြလေ၏။ ကပ္ပတိန်သည် ထမင်းစားပွဲပေါ်သို့ ခေါင်းတင်ကာ မှူးနေ

mgyoe.com

mgyoe.com

သည်ကို တွေ့ရလေ၏။ စားပွဲပေါ်တွင် သောက်ပြီးသားဘရန်ဒီ တစ်ပုလင်းနှင့် နောက် ထပ်ထည့်ထားသော ဖန်ခွက်တစ်ခွက်စာကို တွေ့ရလေ၏။ မဟာရာဇာကား အပြင်သို့ ရောက်နေ၏။ အထဲတွင် မည်သူရှိသည်ကို သူမမြင်နိုင်၊ ကြားလည်း မကြားနိုင်။

ကေတီသည် သူ့ယောကျ်ား ပခုံးကို အသာတယာ ဖက်လေ၏။

"ဒါလင်" ဟု တုန်ယင်သောအသံနှင့်....

"ဒါလင်ရယ်... ဒီမှာ မနေပါနဲ့။ လူမြင်လို့မကောင်းပါဘူး။ အပေါ်ဖြစ်ဖြစ် သွားနေ တာပေါ့ နော်... နော်..." ဟု ယုယစွာပြောကာ သူ့ယောကျ်ားဦးခေါင်းကို ထူသေး၏။

လက်ပါးစေလည်း ရုတ်တရက်သော် ဘာလုပ်ရမှန်းမသိသလို ကြောင်နေပြီးမှ "ကပ္ပတိန် ဒီအခန်းက အပြင်ထွက်သွားရင် ကောင်းမယ်ထင်တယ်။ တော်တော်ကြာ ဧည့်သည်တွေ ထမင်းလာစားကြလိမ့်မယ်" ဟု သူ့သခင်မအား ကူညီ ၍ ပြောလေ၏။

လဲနေသော ကပ္ပတိန်သည် ခေါင်းထောင်ထလေ၏။ အရက် အလွန်အကျွံ သောက်ထားသောကြောင့် သူ့မျက်နှာသည် နှင်းဆီပွင့်ကဲ့သို့ နီမြန်းနေလေ၏။

"ကဲပါ ဒါလင်ရယ်...။ အပေါ်တက်ရအောင်နော်။ ဒါလင်က လီမ္မာပါတယ်။ ကိုယ်လည်း ကောင်းကောင်းနေမကောင်းဘူး။ သွားအိပ်နေတာပေါ့။ ကဲ... ကဲ... ထပါ" ဟု တောင်းပန်သံနှင့်ပြောလေ၏။

ကပ္ပတိန်သည် ကေတီကို ကြည့်နေလေ၏။ နောက်သူသည် ဟား.. ဟား.. ဟား.. နှင့် ရယ်လေ၏။

"ကဲပါ ဒါလင်၊ အပေါ်သွားရအောင်။ ဒီမှာ လာသောက်နေတာ ကာနယ်တို့ လင်မယား မသိစေနဲ့နော်... နော်..."

ကေတီသည် သူ့လင်အား အသာတယာ ပွေ့ထူပေးလေ၏။ ကပ္ပတိန်သည် ယီးတီးယိုင်တိုင်နှင့် ကုလားထိုင်မှထလိုက်လေ၏။ သူ၏မျက်နှာသည် တင်းမာ၍ နေ၏။ ကေတီသည် သူ့အားအသာကိုယ်နှင့် မှေးထားလေ၏။ ကပ္ပတိန်သည် ကိုယ်ကို တစ်ချက်ယိမ်းကာ လက်ကိုတစ်ချက်ဆွဲလိုက်၍ သူအားတွဲထားသော ကေတီ ၏ မျက်နှာကို လက်သီးနှင့် တအားထိုးလိုက်လေ၏။ လက်သီးမှာ ပြင်းထန်လှသော ကြောင့် ကြမ်းပေါ်သို့ ပုံလဲကာ သတိမေ့နေလေတော့၏။

တစ်စက္ကန့်အတွင်း မဟာရာဇာသည် ဖြုန်းခနဲ ရောက်လာကာ ကပ္ပတိန်ပေါ်သို့ ခုန်အုပ်၍ လည်မျိုကို လက်နှင့်ချုပ်ထားလေ၏။ အရက်မူးနေသော ကပ္ပတိန်သည် လဲသွားလေ၏။ မဟာရာဇာသည် ကပ္ပတိန်ကို အပေါ်ကဆီး၍ဖိကာ လည်မျိုကို

mgyoe.com

mgyoe.com


ညှစ်နေခိုက် လက်ပါးစေလည်း ကြောက်ရွံ့ထိတ်လန့်စွာ ကပ္ပဲခန်းသို့ အပြေးကလေး သွား၍ ကာနယ်အား အကျိုးအကြောင်း ပြောပြလေ၏။ ကာနယ်လည်း ချက်ချင်းဖြစ်ပွားသည့်နေရာသို့ ရောက်လာလေ၏။ သူသည် ဖျတ်လတ်၏၊ လျင်မြန်၏ သူသည် မဟာရာဇာ၏ ကုပ်ကို တအားဆွဲယူကာ ကပ္ပတိန်နှင့် လုံးနေရာမှ ခွဲထုတ်လိုက်လေ၏။ သူသည် မဟာရာဇာ၏ မျက်နှာကို ခက်ထန်စွာ ကြည့်နေလေ၏။

"သူ့အရက်မူးနေတယ်ဆိုတာ ခင်ဗျား မသိဘူးလား"ဟု အသံကျယ်လောင်စွာနှင့် ပြန်မခုခံနိုင်တဲ့လူတစ်ယောက်ကို သတ်တာ ခင်ဗျားဘာအကျိုးရှိသလဲ။ ဒါဟာ ခင်ဗျားရဲ့ သတ္တိလားဟုပြောလေ၏။

နောက်တစ်ဖန် သတိမေ့လဲနေသော ကေတီကို တွေ့ရသောကြောင့် မျက်နှာပျက်ကာ ထိတ်လန့်နေသော လက်ပါးစေဘက်သို့ လှည့်ကာ မေရီကို သွားခေါ်လိုက် ဟု အမိန့်ပေးလေ၏။

မဟာရာဇာသည် မတုန်မလှုပ်အသက်မရှူဘဲ လက်ပိုက်ကာရပ်နေလေ၏။ သူ၏ မျက်လုံးများသည် ဝင်းဝင်းတောက်နေလေ၏။ ကပ္ပတိန်သည် လဲနေရာမှ အားယူ၍ ကြိုးစားထလေ၏။ ကာနယ်သည် ဗိုလ်မှူးကြီးအသွင်ဖြင့် မားမားကြီးရပ်ကာ မဟာရာဇာအား ခံ့ညားတည်ကြည်စွာ ကြည့်နေ၏။ ခင်ဗျားဟာ ကျုပ်ရဲ့ ဧည့်သည်ဟု အေးဆေးသော လေသံနှင့် ခုနက ခင်ဗျားကို ကျုပ်လက်ကြမ်းကြမ်းနဲ့ ကိုင်လိုက်မိတာ ကျုပ်တောင်းပန်ပါတယ်။ ဒါပေမဲ့ ခင်ဗျားဟာ အရက်မူးနေတဲ့သူနဲ့ ဖက်ပြီး ရန်မဖြစ်ထိုက်ဘူး။

သူ့မယားကို သတ်နေတာဗျဟု မဟာရာဇာကဝင်ထောက်၏။

မသေနိုင်ပါဘူး။ သေသည့်တိုင်အောင်လည်း ခင်ဗျားအလုပ်မဟုတ်ဘူး။ အင်္ဂလိပ်မတစ်ဦးကို သူ့လင်က သတ်နေတောင် ခင်ဗျားမှာ အင်္ဂလိပ်မဘက်က ဝင်ကာကွယ်ဖို့ အခွင့်အရေးမရှိဘူး။ ခင်ဗျားရော ကျုပ်ရောဟာ ဝိတိုရိယဘုရင်မရဲ့ ကျေးတော်မျိုး၊ ကျွန်တော်မျိုးတွေ။ ဒီလောက်ပြောရရင် သိလောက်ပါပြီ....

မဟာရာဇာသည် အတန်ကြာငြိမ်သက်၍နေလေ၏။ နောက်ဦးခေါင်းကို ညွှတ်ကာအခန်းထဲမှ ထွက်သွားလေ၏။ မဟာရာဇာသည် ဦးခေါင်းကိုငုံ့ကာ သွားသည်ကို ထောက်ခြင်းအားဖြင့် စိတ်မသက်သာကြောင်း သိနိုင်လေ၏။ မကြာမီ မေရီရောက်လာကာ ကေတီအား ညင်သာစွာပွေ့ထူလေ၏။ ကေတီမှာ အခန်းထဲ ခုတင်ပေါ်သို့ ရောက်သောအခါတွင်ပင် သတိပြန်မရသေးဘဲရှိလေ၏။ ကပ္ပတိန် ထိမားချင်းမှာမူ

mgyoe.com

 mgyoe.com 

အလွန်အကျွံအရက်မူးနေသောကြောင့် သူ့အခန်းထဲတွင် ထိုးအိပ်စေလေ၏။

(၆)

နံနက်ခင်းဝင်းဝါသော နေရောင်ခြည်သည် ပြတင်းပေါက်မှဝင်ကာ အိပ်နေသော ကပ္ပတိန်ကို အိပ်ရာမှ ထစေလေ၏။ သူသည်နိုးလျှင်နိုးချင်း ညက မိမိကို ကုလားတစ်ယောက်၏ အထိုးခံခဲ့ရသည်ကို သွား၍သတိရလေ၏။ သူသည် မဟာရာဇာအား စိတ်ဆိုး၍ နေလေ၏။ ထိုအခိုက် ကာနယ်အခန်းထဲသို့ ဝင်လာလေ၏။

"ကေတီ အတော်နေထိုင်မကောင်း ဖြစ်နေတယ်။"

ကပ္ပတိန်သည် တစ်စုံတစ်ရာ မကြားတကြား ညည်းညူလေ၏။

"ခင်ဗျား ညက အပြုအမူဟာ တော်တော်ရုပ်ဆိုးသွားတယ်။ ခင်ဗျားဟာ ကျုပ်တပ်က စစ်သားမဟုတ်တဲ့အတွက် ကျုပ်ဝမ်းသာမိတယ်။ ခင်ဗျားဟာ စစ်အမှုထမ်းတစ်ဦးအဖြစ်နဲ့ဆိုရင် ခင်ဗျားအတွက် ကျုပ်ရှက်တယ်။ လူကြီးလူကောင်းအဖြစ်နဲ့ဆိုရင် နောက် ဒီလိုအပြုအမူမျိုး ရှောင်ကြဉ်ဖို့ သတိပေးတယ်။ ခင်ဗျားလို အင်္ဂလိပ်အရာရှိတစ်ဦးဟာ ကိုယ့်မယားကို ရိုက်တယ်လို့ဗျာ ဘယ်လောက် သတ္တိညံ့ရာကျသလဲ။ ခင်ဗျားသေးသိမ်တဲ့ အပြုအမူကို မဟာရာဇာမြင်သွားပြီ။ သူကတော့ ဥရောပတိုက်သားတွေရဲ့ ယဉ်ကျေးခြင်းကို အပြစ်တင်သွားမှာပဲ။ မဟာရာဇာ ခင်ဗျားလည်မျိုညှစ်နေတာ ကျုပ်ရောက်လာပေလို့ပေါ့၊ နည်းနည်း ကံကောင်းသွားတာ။ နို့မို့ဆိုရင် ခင်ဗျားသေနိုင်တယ်။ သူလည်းဒီနေ့နံနက်ပဲ ပြန်လိမ့်မယ်။ မပြန်ခင် ကပ္ပတိန်နဲ့တွေ့ချင်တယ်လို့ ကျုပ်ကို မှာထားတယ်"

"ကျုပ်သူ့အလိုကို မလိုက်လျောလိုဘူး။ တွေ့ချင်ရင် ကျုပ်ဆီလာတွေ့ပါလား" ဟု ကပ္ပတိန်ကို ပြန်ဖြေလေ၏။

"ခင်ဗျားမတွေ့ချင်ရင် ကျုပ်သွားတွေ့ရလိမ့်မယ်။ ခင်ဗျားသွားမတွေ့ရင် သူက ကြောက်တယ်ထင်မှာပေါ့။ ဘယ်ဗြိတိသျှအရာရှိမှ ကြောက်ကြောင်းကို နှစ်ခါမပြဘူး"

ကပ္ပတိန်သည် စက္ကန့်အတော်ကြာငေးနေလေ၏။

"ကဲ...ကောင်းပြီလေ။ ကျုပ်သွားတွေ့ပါမယ်။ သူအခုဘယ်မှာလဲ"

"သူ့အခန်းထဲမှာ သူတစ်ယောက်တည်း ရှိတယ်ထင်တယ်။ ကျုပ်အထင်ဖြင့် ခင်ဗျားကို တောင်းပန်စကားပြောမယ် ထင်တာပဲ"

mgyoe.com

mgyoe.com


ကာနယ်သည် သူ့အခန်းသူ ပြန်ရောက်၍ ဆေးလိပ်ကို အေးဆေးစွာဖွာနေခိုက် ကပ္ပတိန်သည် မဟာရာဇာ၏ အခန်းတံခါးကို ခေါက်လျက်ရှိသည်ကို တွေ့ရလေ၏။ အစေခံသည် သူ့အားတံခါးဖွင့်ပေးကာ စကားတစ်ခွန်းမျှမပြောဘဲ အတွင်းခန်းထဲသို့ ခေါ်သွားလေ၏။ မဟာရာဇာသည် ပြတင်းပေါက်တစ်ခုအနီးရှိ ကုလားထိုင်ပေါ်တွင် ထိုင်ကာ အပြင်ဘက်ဥယျာဉ်ကို ငေးမောကြည့်ရှုလျက် မှိုင်နေသည်ကို တွေ့ရလေ၏။ မဟာရာဇာက မျက်ရိပ်ပြလိုက်သဖြင့် အစေခံလည်း အပြင်သို့ ထွက်ခွာသွားလေ၏။ သူသည် ကပ္ပတိန်ဘက်သို့ မျက်နှာလှည့်လေ၏။

မဟာရာဇာကား အရိုအသေလည်းမပေး၊ နေရာမှ ထလည်းမထ၊ လှုပ်လည်း မလှုပ်ရှားငြိမ်သက်၍ နေလေ၏။ ကပ္ပတိန်ကား ညကအပြုအမူအတွက် ရှက်နေလေ၏။ သူသည် ထိုင်အုံ့သောငှာ ကုလားထိုင်ကို ဟိုမှ ဤမှ ကြည့်ရှုရှာဖွေနေလေ၏။ မဟာရာဇာထိုင်နေသော ကုလားထိုင်မှတစ်ပါး အခြားထိုင်စရာတစ်ခုမှ မတွေ့ရ။ မဟာရာဇာ၏ မျက်လုံးနှစ်လုံးကား မုန်းတီးခြင်း၊ မထီလေးစားခြင်း ကဲ့ရဲ့အပြစ်တင်လိုခြင်းတို့ဖြင့် ရောယှက်စုပေါင်းကာ တဖိတ်ဖိတ် အရောင်ထွက် လျက်ရှိလေ၏။ သူသည် ကပ္ပတိန်အား ခြေဖျားခေါင်းတိုင် အနုလုံပဋိလုံ အကဲခတ်သည်နှင့်မခြား ကြည့်နေလေ၏။ ကပ္ပတိန်ကား ထိုင်စရာမရှိသောကြောင့် မတ်တပ်ရပ်ကာကြောင်တောင်တောင် ဖြစ်နေလေ၏။ နှစ်ယောက်စလုံး တစ်ယောက်မျှ စကားမပြော၊ မလှုပ်မယှက် ပကတိငြိမ်သက်၍ နေလေ၏။ သူတို့၏ အသက်ရှုသံ၊ သက်ပြင်းချသံများကိုသာ ကြားရ၏။ နှစ်မိနစ်ခန့် ဤကဲ့သို့ ငြိမ်သက်၍ နေကြလေ၏။

မဟာရာဇာကစ၍ စကားပြောလေ၏။

ကပ္ပတိန် ထိမားချင်းဟု အသံကိုနှိမ့်လျက် ပြတ်သားပီသစွာ "ညကခင်ဗျား ပြန်မခုခံနိုင်တုန်းမှာ၊ ကျုပ်ကလွန်မိတဲ့အတွက် အလွန်တရာဝမ်းနည်းပါတယ်။ ကျုပ်တို့အမျိုး ကျုပ်တို့ဇာတ်ဟာ ဘယ်တော့မှ အရက်မသောက်ခဲ့ဘူး၊ သူများ အရက်သောက်တာကို ဆုံးမတာဟာလည်း သိပ်မသင့်လျော်လှဘူးလို့ ကျုပ်ယုံကြည်ပြီး ကျုပ်မှားကြောင်း ကျုပ်သိပါတယ်။ ဒါကြောင့်မို့ ခင်ဗျားကို တောင်းပန်ပါတယ်။"

ကပ္ပတိန်သည် ခြောက်ပြီးနေသော နှုတ်ခမ်းကို တံတွေးဆွတ်လေ၏။ မဟာရာဇာသည် ကပ္ပတိန်က ဘာမျှပြန်မပြောသဖြင့် ဆက်ပြန်လေ၏။

"ကျေနပ်ဖွယ်ရှိအောင် အခြားကျုပ်ဘာလုပ်ရမလဲ အမိန့်ရှိပါ။ ဒါမှမဟုတ်ရင် ကျုပ်တောင်းပန်တာကို လက်ခံမလား"

mgyoe.com

mgyoe.com

ကပ္ပတိန်သည် ခေါင်းငုံ့နေရာမှ မော်ကြည့်လေ၏။ သူသည် တံထွေးကို မျိုချလျက်ရှိလေ၏။

"ကျုပ်လက်ခံပါတယ်"ဟု မူမမှန်သော အသံနှင့်ပြန်ပြောလေ၏။

မဟာရာဇာ၏ မျက်နှာသည် တင်းမာခက်တရော်၍ နေရာမှ ပြုံးယောင်ယောင်ဖြစ်လာလေ၏။ သူသည် ဆက်လက်၍ပြောပြန်လေ၏။

"ကျုပ်သဘောကို ခင်ဗျားကောင်းကောင်းကြီး နားလည်စေချင်တယ်။ ခုနေကျုပ်ခင်ဗျားကို လုံးရင် ခင်ဗျားမှာ ပြန်လုံးနိုင်တဲ့အရည်အချင်းရှိတယ်။ တစ်ယောက်ချင်း တစ်ယောက်ချင်းသတ်တာ။ ကျုပ်ရဲရဲကြီး လုပ်ဝံ့တယ်။ ခုလည်းအဆင်သင့်ပဲ"

မဟာရာဇာသည် လက်သီးကိုဆုပ်ကာ ရင်ကို ကော့ထားလေ၏။ ကပ္ပတိန်ကား အံ့အားသင့်၍ နေလေ၏။

"ဒါပေမဲ့ ကျုပ်မသတ်နိုင်ဘူး။ ကျုပ်ဟာ မိန်းကလေးတစ်ယောက် စိတ်ဆင်းရဲတာကို မခံနိုင်လို့ ဒီမိန်းမအတွက် ကာကွယ်ရမှာ။ ဒီမိန်းမဟာ ခင်ဗျား မယားဖြစ်နေတယ်။ ခင်ဗျားမယားကို ခင်ဗျားထင်သလိုလုပ်နိုင်တယ်။ ကျုပ်မှာ ခင်ဗျားမယားကို ကာကွယ်ဖို့ အခွင့်အရေးမရှိဘူး။"

မဟာရာဇာသည် သက်ပြင်းကြီးချလိုက်လေ၏။ မဟာရာဇာ၏ မျက်နှာသည် ရန်ငြိုးဖွဲ့လိုသော အသွင်သို့ ပြောင်းသွားလေ၏။ သူ၏မျက်လုံးမှာလည်း တောက်ပြောင်၍လာ၏။ သူသည်နေရာမှထကာ ကုလားထိုင်လက်ရန်းကို ဆုပ်ကိုင်ထားလေ၏။

"အကယ်၍ ခင်ဗျားမယားကို ဝယ်နိုင်တဲ့ အခွင့်အရေးရှိမယ်ဆိုရင် ကျုပ် ရှိသမျှပစ္စည်းတွေအကုန် ခင်ဗျားကိုအပ်ပါတယ်။ ညကမြင်ရသလို သူစိတ်ဆင်းရဲတာကို ကျုပ်မကြည့်ရက်ဘူး။ သူ့ကို ကျုပ်ခိုးပြေးလို့ သူလည်းဂုဏ်မပျက်ဘူး၊ ကျုပ်လည်းဂုဏ်မပျက်ဘူးဆိုရင် ကျုပ်ခိုးပြေးပါတယ်။ ကျုပ်ဒီလိုပြောလို့ ကျုပ်ကို မုန်းချင်လည်းမုန်းနိုင်ပါတယ်။ ခင်ဗျားမုန်းတာကို ကျုပ်တားမြစ်ဖို့ တန်ခိုးသတ္တိမရှိဘူး။ ကျုပ်တို့လူမျိုးဟာ ခင်ဗျားတို့ နိုင်ထားတဲ့ လက်အောက်ခံကျွန်လူမျိုးတွေ။ ခင်ဗျားတို့ သခင်တွေဟာ၊ နိုင်ငံချဲ့ထွင်တဲ့ ဗြိတိသျှအင်ပီးရီးရဲလစ်တွေဟာ ကျုပ်တို့ကို ကဲ့ရဲ့တယ်၊ အထင်သေးတယ်။ ကျုပ်တို့တစ်တွေဟာ ရှေးအယူဟောင်းတွေကို မစွန့်နိုင်ကြလို့ ရှေးလူကြီးတွေရဲ့ အမှားကို အမှန်ထင်ခဲ့ကြလို့၊ ကိုယ်ပိုင်ဉာဏ်နဲ့ ယုတ္တိတန်မတန်ကို မချင့်ချိန်မစဉ်းစားခဲ့ကြလို့၊ ရှေးလူကြီးတွေ ခေတ်မမီလို့၊ နတ်တို့၊ ဗေဒင်တို့ ယုံခဲ့ကြလို့ ခင်ဗျား

mgyoe.com

mgyoe.com


တို့က အထင်သေးတယ်။ ကျုပ်တို့ကို ကျွန်အဖြစ် သွတ်သွင်းနိုင်တယ်။ ကျုပ်တို့ဟာ တစ်နေ့ ကိုယ်ပိုင်ဉာဏ်၊ ယုတ္တိရှိမရှိ ချင့်ချိန်တတ်တဲ့ဉာဏ်ကို အသုံးချလာတတ်တဲ့ တစ်နေ့မှာ ကျုပ်တို့ဟာ အမှန်သခင်လူမျိုး ဖြစ်ရမယ်။ ဒါထားလိုက်ပါဦး၊ ပြောနေလို့ အချိန်ကုန်ပါတယ်။ ခုနကကိစ္စ ဆက်ရဦးမယ်။ ကျုပ်မှားလို့ ကျုပ်တောင်းပန်ပါတယ်။ ကျုပ်တောင်းပန်တာကို ခင်ဗျားလက်ခံတယ်။ ဒါရှင်းသွားတာပဲ ဟုတ်တယ်မဟုတ်လား။ ကျုပ် မပြန်ခင် ခင်ဗျားကို တစ်ခုပြောချင်သေးတယ်။ ညက ဖြစ်ပျက်တာကို လည်း ဘယ်လူမှ မသိပါစေနဲ့နော်...။ ကျုပ်ကို စကားတစ်ခွန်းဖြင့် တာဝန်ခံစမ်းပါ။ ဘာလဲဆိုရင် ခင်ဗျားဟာ ကေတီကို ညှဉ်းဆဲနေတယ်။ ကေတီဟာ ခင်ဗျားကြောင့် စိတ်မချမ်းသာရဘူး။ နောက်ကို ကေတီ စိတ်ဆင်းရဲအောင်မလုပ်ပါနဲ့။ ကျုပ်ဟာ ဒီလို ပြောပိုင်ခွင့်မရှိဘူး။ ခင်ဗျားနဲ့ကျုပ်နဲ့ဟာ အမျိုးချင်းလည်းမတူဘူး။ ဘာသာချင်း လည်း မတူဘူး။ ဒါပေမဲ့ ကေတီကို ကြင်ကြင်နာနာနဲ့ ဒုက္ခမပေးဘဲ ယုယုယယပေါင်း သင်းပါ့မယ်လို့တော့ တစ်ဆိတ်ကတိထားစမ်းပါ"

သူသည် ပြတ်သားကြည်လင်စွာ ပြောနေလေ၏။ နောက်သူသည် မျှော်လင့်သည့် မျက်နှာနှင့် ကြည့်နေလေ၏။ ကပ္ပတိန်ကား ကိုယ်ကိုတောင့်တောင့်ကြီးရပ်ကာ လက်ပိုက်နေလေ၏။

"ခင်ဗျား တောင်းပန်တာ သိပ်လွန်လွန်းတယ်။ ကျုပ်ဘယ်ကတိမှ ခင်ဗျားကို မပေးနိုင်ဘူး"

ကပ္ပတိန်၏အသံသည် ဒေါသသံဖြင့် ရောနေ၏။ မဟာရာဇာသည် ရှေ့သို့ တစ်လှမ်း တိုးလာလေ၏။

"ခင်ဗျား ခရစ်ယာန်မဟုတ်လား"ဟု မဟာရာဇာက မေး၏။

ကပ္ပတိန်ထိမားချင်းသည် ဦးခေါင်းကို ညိတ်လေ၏။

"ခရစ်ယာန် ဘာသာဟာလည်း ကမ္ဘာမှာ ထင်ရှားတဲ့ ဘာသာတစ်ခုပဲ။ ကျုပ်မှာ လည်း ဘာသာရှိတာပဲ။ ဒါပေမဲ့ ခရစ်ယာန် မဟုတ်ဘူး။ ဗုဒ္ဓဘာသာ ဆိုပါတော့။ ဘာသာမှာ ရှောင်ကြဉ်အပ်တဲ့ တရားတွေရှိတယ်။ ခင်ဗျားမှာလည်း ခုနက ပြောသလို ကတိထားလိုက်လို့ ဘာသာနဲ့ ဆန့်ကျင်ဘက်များ ဖြစ်နေမလား"

"မဖြစ်ဘူး" ဟု တင်းမာစွာဖြေလေ၏။

တစ်စက္ကန့်အတွင်း မဟာရာဇာသည် ခါးပတ်မှ ဓားမြှောင်ကို ဆွဲထုတ်လိုက် လေ၏။ ဓားသွားအရောင်သည် ဝင်းခနဲလက်သွား၏။ သူသည် ရှေ့သို့တိုးလိုက်ပြီးမှ

mgyoe.com

mgyoe.com


နောက်ကိုဆုတ်ကာ တအားလွှဲ၍ ပြောင်လက်နေသော ဓားမြှောင်ကို ကြမ်းပေါ်တွင် ထိုးစိုက်လိုက်လေ၏။ ကပ္ပတိန်သည် အံ့အားသင့်စွာဖြင့် နောက်သို့ဆုတ်နေ၏။ မဟာရာဇာသည် သူ့အား တဖျပ်ဖျပ်အရောင်ထွက်နေသော မျက်လုံးဖြင့် စိန်းစိန်းကြီး ကြည့်ကာ တံခါးကို လက်ညိုးညွှန်ပြလေ၏။

"ထွက်သွားလိုက်..."

ကပ္ပတိန်သည် စကားတစ်ခွန်းမျှ ပြန်မပြော၊ တစ်ချက်မျှလှည့်တောင် မကြည့်ဘဲ ထွက်သွားလေ၏။

နောက် (၂) နာရီခန့်ကြာသောအခါ မဟာရာဇာသည် ညည့်ဝတ်ကျေပွန်စွာ ပြုစုခြင်းအတွက် ကျေးဇူးအထူးတင်ကြောင်းဖော်ပြကာ မေရီနှင့် ကာနယ်အား ကျေကျေနပ်နပ်ကြီးနှုတ်ဆက်၍ အိမ်မှထွက်ခွာသွားလေ၏။ အိပ်ရာထဲတွင် လဲနေသော ကေတီသည် လက်ပါးစေလာပြောသဖြင့် ညကအဖြစ်အပျက်နှင့် မဟာရာဇာ ယနေ့နံနက် ထွက်ခွာသွားကြောင်းသိရ၏။ စိတ်ထားနုနယ် ပျော့ပျောင်းသော သူမသည် မျက်ရည် လည်လာသောကြောင့် တစ်ဖက်သို့ လှည့်လိုက်လေ၏။

(၇)

ထိုနေ့ညဥ္စ လပြည့်ဝန်းကြီးသည် စုလစ်မွမ်းချွန်တို့ဖြင့် လှပခံ့ညားသော နန်းတော် အဆောက်အဦကြီးပေါ်သို့ မိမိ၏ ဝါဝင်းသော ရောင်ခြည်ကို ဖြန့်ဖြူးပေးဝေနေလေ၏။ နန်းတော်၏ အမိုးပေါ်တွင် ပန်းအိုးကြီးငယ်တို့ဖြင့် ပန်းပင်များ စိုက်ပျိုးထားလေရာ လရောင်တွင် ထင်ရှားစွာမြင်နိုင်လျက် ပန်းဥယျာဉ်လေးနှင့်မခြားတော့သကဲ့သို့ ဖြစ်နေလေ၏။ ပန်းပင်တို့ဖြင့် အုပ်ဆိုင်းရစ်သီ၍နေသည့်အတွက် မှုန်တိမှုန်မွှား အလင်းရောင်တွင် မဟာရာဇာတစ်ယောက်တည်း ထိုင်နေသည့် သဏ္ဌာန်သည် ဝိုးတိုးဝါးတားမျှ ပေါ်နေ၏။ ရွှေလုံးကြီးကဲ့သို့ ဝင်းဝါဝိုင်းစက်သော လက ကောင်းကင်တွင် သာသောင့်သာလျက် ရှိလေ၏။

နှင်းငွေ့ကလေးတို့သည် တရိရိထလျက်ရှိလေ၏။ ဟိမဝန္တာတောင်ဆီမှလာသော လေချိုပန်းကလေးသည် အအေးဓာတ်ကို ယူဆောင်ကာ တသုန်သုန်ချိုနေ၏။ သူသည် မလှုပ်မယှက် ငြိမ်ချက်သားကောင်းနေ၏။ သူ၏အနီးရှိ မှန်ပြောင်းကြီးတစ်ခုကား သူ့အားတုပ၍ နေလေ၏။ သူ့ရှေ့ရှိ ဝတ္ထုပစ္စည်းအားလုံးတို့ကို သူသည် ကောင်းစွာ မမြင်။ သူ၏မျက်စိထဲတွင် မှုန်မှုန်မှိုင်းမှိုင်း ရစ်ဆိုင်း၍နေ၏။ သူသည် ကမ္ဘာကြီးအား

mgyoe.com

mgyoe.com

မျက်စပစ်လျက်ရှိသော ကြယ်ကလေးများကိုသာ ဝိုးတိုးဝါးတားမျှ မြင်ရ၏။ သူ့ပတ်ဝန်းကျင်သည် မှုန်ရီဝေနေသည်ဟု သူထင်၏။ သို့ရာတွင် ချစ်စဖွယ်ကောင်းသော ကေတီ၏ မျက်နှာလေးသည် သူ့ပသာဒအာရုံ စေတသိက်တွင် ထင်နေလေ၏။ သူ၏အဇ္ဈတ္တသန္တာန်၌ ကေတီ၏ရူပါရုံသည် ပျံ့လွင့်ပျံ့ဝဲ၍နေ၏။ သူ၏စိတ်ကူးဉာဏ်တို့သည် လေးလံထိုင်းမှိုင်း၍နေ၏။ ညဉ့်သည် တဖြည်းဖြည်း နက်လာလေပြီ။ ဆီးနှင်းတို့သည်လည်း အဆက်မပြတ် တဖွဲဖွဲကျနေ၏။ မိုးပေါက်ကဲ့သို့ ပြင်းထန်၍လာလေပြီ။ သို့ရာတွင် သူသည် ဂရုမစိုက်။

အချစ်မရှိတဲ့ ငါ့လောကကြီးဟာ အချည်းနှီးပဲ။ ငါ့အဖို့ ငါ့လောကတွင် ဘယ်တရားမှ ငါ့ကိုမဆုံးမနိုင်။ ငါ၏စေတသိက်တွင် ပျံ့လွင့်၍နေသောအချစ်မီးသည် တကျိုက်ကျိုက် တောက်လောင်ဆူပွက်ကာ ငါ၏အသွေး၊ အသား၊ ရူပက္ခန္ဓာကြီးကို ခန်းခြောက်စေ၏။ ငါ၏တောင့်တနေသောအချစ်ကို ဤကမ္ဘာကြီးသည် မဖြည့်စွမ်းနိုင်။ အဘယ်ဘာသာများတို့သည် ငါ့အပူကို မနှစ်သိမ့်နိုင်။

ဆီးနှင်းတို့သည် သည်းသည်းမည်းမည်း တဖွဲဖွဲကျလာလေပြီ။ သို့ရာတွင် သူသည် အရေးမထားနိုင်။

"ကေတီရေ... မင်းနဲ့ငါဟာ အမျိုးချင်းမတူ၊ ဘာသာချင်းမတူ၊ ဘယ်နေရာမှ ဇာတ်မတူ။ မင်းမှာ ကာမပိုင်လင်နဲ့ပေမဲ့ ငါချစ်ခဲ့ပြီ။ ငါ့စိတ်ကို ငါပိုင်တယ်။ ဘယ်မှ ငါ့စိတ်ကို ငါမတားမြစ်နိုင်ဘူး။ ငါမင်းကို ချစ်တယ်။ ငါသံသရာ မဆုံးမချင်း မင်းကိုငါ ချစ်မှာပဲ..."

ညဉ့်နက်လေ ဆီးနှင်းတွေက တစိမ့်စိမ့်ကျလေဖြစ်နေလေ၏။ သို့ရာတွင် သူသည် ဂရုမထား။ ခုနစ်စဉ်ကြယ်သည် အမြီးထောင်၍ လာလေပြီ။ သူသည် အိတ်ထဲမှ စိန်နှင့်သံပရာဖျော်ထားသော ပုလင်းကို ဆွဲထုတ်လိုက်လေ၏။

"ကေတီရေ....၊ အို... ကေတီရဲ့။ မင်းကိုချစ်တဲ့ချစ်စိတ်ကြောင့် ငါလောကကြီးကို ခွဲခွာတော့မယ်ဟု ရေရွတ်ကာ စိန်နှင့်သံပရာရည်ကို မော့ချလိုက်လေ၏။ ကေတီ... ကေတီ... ကေတီရေ...။ မင်းအတွက် အသက်စွန့်ခဲ့မယ် ကေတီရဲ့။ မင်းနဲ့မပေါင်းရရင် ငါလောကကြီးမှာ မပျော်ဘူး။ အမယ်လေး ပူလှချည်ရဲ့" ဟု မြည်တမ်းကာ လူးလိမ့်နေလေ၏။ လဝန်းကြီးသည် အနောက်ဘက်သို့ စောင်းငိုက်၍ သွားလေပြီ။ လူးလိမ့်နေသော သဏ္ဌာန်သည် တဖြည်းဖြည်းငြိမ်သက်၍ သွားလေတော့၏။

မြအဆင်းကဲ့သို့ ဝင်းလဲ့လဲ့လရောင်ခြည်သည် မဟာရာဇာ၏ ကိုယ်ပေါ်သို့

mgyoe.com

 mgyoe.com


တရွှမ်းရွှမ်းလောင်းနေလေ၏။ ဆီးနှင်းတို့မှာလည်း သူ့အလောင်းပေါ်သို့ တဖွဲဖွဲ ကျရောက်နေလေ၏။ လေသည် တသုန်သုန်ချိုလျက်။ ဆီးနှင်းတို့၏ အအေးဒဏ်ကို မခံနိုင်သော သူ့အထက်ရှိ ဖန်းပင်ရုံမှ ပန်းပွင့်အဖူးကလေးတို့သည် မဟာရာဇာ အလောင်းပေါ်သို့ ကြွေကျ၍နေလေ၏။ ဝင်းလဲ့လဲ့ လရောင်ခြည်၊ တဖွဲဖွဲ ဆီးနှင်းနှင့် ကြွေကျသော ပန်းပွင့်ကလေးတို့သည် သူ့အပေါ်သို့ ကျရောက်စေခြင်းဖြင့် အလောင်းကို သင်္ဂြိုဟ်သည်နှင့်မခြား ဖြစ်နေလေ၏။

သဘာဝကား သူ့အား ဝမ်းနည်းကြေကွဲသည့် အသွင်ကိုဆောင်၍ နေလေတော့ သတည်း။

နားဦးစို့။

ရန့်သစ်မဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၂၀၀၉။

❖

mgyoe.com

mgyoe.com

# မေတ္တာဘွဲ့

နံနက်စာအတွက် ဆိတ်သားလုံးကြော်၊ ကဏန်းပေါင်း၊ မုန့်အချို့များဖြင့် စားကြရပေသည်။ စားသောက်နေကြစဉ် ထမင်းချက် ကိုသာရင်က ညစာအတွက် ဧည့်သည်များ 'ဘာဟင်းစားကြမလဲ' ဟု လာမေးသည်။ ကိုသာရင်မှာ အရပ်အမောင်းအနေတော်၊ မျက်နှာခပ်ပြည့်ပြည့်၊ မျက်လုံးခပ်သေးသေး၊ သူသည် အမွေးအမှင် ဟူသမျှကို ခပ်ပြောင်ပြောင် ရိတ်သင်ထားသည်။ နှုတ်ခမ်းမွေးများမှာ မရိတ်ဘဲ နုတ်ထားဟန်ရှိပေသည်။

ကိုတင့်မောင် အပြောအရ ကိုသာရင်မှာ ချောမောလှပသော အေးပုံကလေးနှင့် ရည်ငံနေသည်ဟု သိရသည်။ ကိုသာရင်တစ်ယောက် မူးယစ်သောက်စားကာ 'ထို' နေပြီဆိုလျှင် အေးပုံက လက်မထပ်ချင်တော့။ ဒီလိုပဲ အေးအေးနေချင်နေလေသည်။ သို့သော် ကိုသာရင်ကား 'စည်းကမ်းကြီး' သူတစ်ယောက်ဖြစ်လေရာ ဒီလိုအေးအေးနေခြင်းကို သူ့ဘာသာတရားက ခွင့်မပြု။ ထိုအခါတွင် 'နင် ငါ့ကို ယူရမယ်' ဟု အတင်းလုပ်နေတတ်ကာ အခြား ဘာမျှအလိုမရှိပေ။ ထိုအခါမျိုးတွင် အေးပုံကိုဆဲရေးကာ ရိုက်ပင်ရိုက်တတ်သေးသည်။ ကိုသာရင်တစ်ယောက် 'လွတ်' နေလျှင် ကောင်မလေးသည် အပေါ်ထပ်သို့ ပြေးပုန်းကာ ရှိုက်ငိုနေရတတ်ပေသည်။ ကိုတင့်မောင်နှင့် အစစ်ခံ

mgyoe.com

mgyoe.com


များသည် ကောင်မလေးကို ကာကွယ်ရန်အလို့ငှာ အိမ်ထဲတွင်ပင် နေကြရလေသည်။

စကားလက်ဆုံကျရင်း ချစ်မေတ္တာအကြောင်း ရောက်သွား၏။

ကိုတင့်မောင်ကဆိုသည် "အချစ်ဆိုတာ ဘယ်လိုပေါက်ဖွားလာသလဲ၊ ကိုသာရင်ကြီးဟာ ဘာဖြစ်လို့ သည့်ပြင်ကောင်မလေးတွေကို မကြိုက်ရတာလဲ၊ အေးပုံကလည်း ဘာဖြစ်လို့ ဒီပုလင်းကိုမှ ကြိုက်ရသလဲ။ အချစ်ကိစ္စမှာ မိမိစိတ်ပျော်ရွှင်မှုဟာ ဘယ်လောက် တာသွားသလဲ။ အဲဒါတွေဟာ စဉ်းစားစရာအချက်ပဲ။ ဘယ်လောက်မှန်သလဲတော့ မသိဘူးဗျ၊ ကိုယ်ကြိုက်သလို အငြင်းပွားနိုင်ကြတယ်လေ။ ခုအထိ အငြင်းမထွက်တဲ့ ယူဆချက်ကတော့ အချစ်ဆိုတာ အသိရခက်ပါကလား ဆိုတာပဲဗျ။ ခင်ဗျားတို့ ဘယ့်နှယ်သဘောရကြသလဲ။ ချစ်မေတ္တာအကြောင်း ရေးခဲ့ကြတာ၊ ပြောခဲ့ကြတာတွေမှာ အဖြေထွက်တာတော့ မရှိသေးဘူး။ အချစ်ဆိုတာ ဘာလဲဆိုတဲ့ မေးခွန်းတွေကို တင်ပြထားတာတွေချည်းပဲ။ ခုထက်ထိအဖြေတော့ ရမလာသေးဘူးဗျ။ လူတစ်ယောက်အတွက် ကျေနပ်စရာအဖြေဟာ ဒီပြင်လူတွေလူတွေကျတော့ မမှန်ပြန်ဘူးဗျ။ ကျွန်တော့်စိတ်ထဲမှာ အကြိုက်ဆုံးကတော့ ယေဘုယျနိဂုံးချုပ် ဆွဲထုတ်မယူဘဲ ကိစ္စတစ်ခုစီ တစ်ခုစီကို သီးခြားကြည့်ခြင်းပဲ။ ဘယ့်နှယ်လဲ ဆရာဝန်များပြောသလိုပေါ့။ ရောဂါတစ်ခု တစ်ခုအနေနဲ့ သီးခြားပြီး မြင်ရမယ်ဆိုတာမျိုးပေါ့..."

"ကိုတင့်မောင် ပြောတာဟုတ်တယ်"ဟု ကိုညီမှိုင်းက သဘောတူ၏။

"ကျွန်တော်တို့တစ်တွေဟာ ပညာတတ်တယ် ဘာတယ်ဆိုပေမဲ့ဗျာ၊ ဒီလို ပြဿနာတွေမှာ မဖြေရှင်းနိုင်တာကတော့ ပျော့ကွက်တစ်ခုပဲလို့ ဆိုချင်တယ်။ အများအားဖြင့် အချစ်ကို ကဗျာလင်္ကာဖွဲ့ကျူးသီကုံးကြတယ်။ နှင်းဆီပန်းတွေ၊ မိုးစွေငှက်တွေနဲ့ မွမ်းမံဆင်ယင်ကြတယ်။ ကျွန်တော် ရန်ကုန်မှာ ကျောင်းနေတုန်းက ကျွန်တော်နဲ့အတူနေတဲ့ ချစ်စရာကောင်မလေးတစ်ယောက် ရှိဖူးတယ်။ ကျွန်တော်သူ့ကို ပွေ့ဖက်ထားတိုင်း သူကတော့ ဘာတွေးနေတယ်ထင်သလဲ။ ကျွန်တော့်က တစ်လလောက်အိမ်ကို ကြည့်ရှုစောင့်ရှောက်ဖို့ ခွင့်ပေးမှာလားတို့ အမဲသားဈေးက ဘယ်လောက်ဆိုတာတို့ပဲဗျ။ ချစ်နေတုန်းအခါမှာတော့ ဂုဏ်ထိခိုက်တာလား မထိခိုက်ဘူးလား၊ လုပ်တာဟုတ်သလား မဟုတ်ဘူးလား ဘယ်အခြေအနေရောက်နိုင်သလဲ ဘာညာဆိုတာတွေကို ကိုယ့်ကိုယ်ကိုယ် မမေးကြဘူးဗျ။ အဲဒါဟာ ကောင်းသလား၊ မကောင်းသလားတော့ ကျွန်တော် မသိဘူးဗျ။ ဒါပေမဲ့ ဒါတွေတွေးတာဟာ အနှောင့်အယှက်အထူးအဆန်းတစ်ခု၊ မကျေနပ်စရာ စိတ်တိုစရာတစ်ခုဆိုတာတော့ သေချာတယ်။ အဲဒါ ကျွန်တော်

mgyoe.com

သေသေချာချာသိတယ်…"

ကိုတင့်မောင်သည် တစ်စုံတစ်ရာကို ပြောပြချင်သော ဆန္ဒရှိပုံရပေသည်။ တစ်ယောက်ထီးတည်း နေသူများမှာ သူတို့စိတ်ထဲ၌ တစ်ခုခုပြောပြဖွင့်ဟချင်သော အာသာရှိတတ်ပေသည်။ မြို့ကြီးပြကြီး၌ လူပျိုတို့သည် စကားစမြည်ပြောရန်အတွက် ပျော်ပွဲစားရုံဟိုတယ်များသို့ သွားတတ်ကြသည်။ တစ်ခါတစ်ရံ ဟိုတယ်ကလူများအား စိတ်ဝင်စားဖွယ်ကောင်းသော ပုံဝတ္ထုများ ပြောတတ်ကြသည်။ တောအရပ်တွင်ကား လာရောက်လည်ပတ်သော ဧည့်သည်များအား ရင်ကို ဖွင့်လှပ်ပြတတ်ပေသည်။

ပြတင်းပေါက်မှ ညို့မှိုင်းမည်းမှောင်နေသော တိမ်တိုက်များပြိုကျလာသည်ကို မြင်ကြရသည်။ သစ်ပင်တို့မှာ မိုးရေတို့ဖြင့် စွတ်စိုရွဲစက်နေကြပေသည်။ ထိုကာလမျိုး၌ အပြင်သို့ မထွက်နိုင်ကြဘဲ အိမ်တွင်းအောင်းကာ ဝတ္ထုဇာတ်ကြောင်းများ ပြောပြကြ၊ နားထောင်ကြသော အလုပ်ပဲရှိပေသည်။

ကိုတင့်မောင်က သူ့အကြောင်း ပြောပြသည်။

* * *

ကျွန်တော်သည် တက္ကသိုလ်မှ ထွက်ကတည်းက ဧယျာပူရဆိုသော တောဘက်သို့သွားကာ လယ်အလုပ်လုပ်နေခဲ့ပေသည်။ အမှန်က ကျွန်တော့်မှာ အလုပ်ကြမ်းနှင့် မတော်။ ကျွန်တော့်ဝါသနာအရ ဆိုလျှင်လည်း စာသမားတစ်ယောက်ဖြစ်နေသည်။ ကျောင်းကထွက်ကာ ကိုယ့်အရပ် ကိုယ်ပြန်ရောက်တော့ ကျွန်တော့် လယ်မြေတွေဟာ အပေါင်ထားတာသိရပြီး ကျွန်တော့် ကျောင်းစရိတ်အတွက် ဖခင်ကြီးသည် လယ်အကြွေးတင်ရသည်ကို သိရသည့်အတွက် ဒီအရပ်က ဘယ်မှမခွာဘဲ ကြွေးမြီကျေလည်သည်အထိ အလုပ်လုပ်မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။ အမှန်ဝန်ခံရမှာဖြင့် စိတ်ပါလှ၍မဟုတ်။

ဧယျာပူရဘက်က မြေများမှာ သိပ်အထွက်မကောင်းကြ။ အရှုံးမရှိဘဲ သီးနှံအထွက်ကောင်းလိုလျှင် လုပ်သားများများ ငှားရမ်းရပေမည်။ လုပ်သားများပါကလည်း သိပ်တွက်ခြေမကိုက်။ ကိုယ်တိုင်လယ်သမားကဲ့သို့ ဝင်လုပ်နိုင်ပါမှ အကျိုးရှိပေမည်။ အခြား အလယ်လမ်းမရှိပေ။

ကျွန်တော်လည်း ဘာဘာညာညာ လုပ်မနေနိုင်တော့ဘဲ ကိုယ်တိုင် လယ်ထဲဆင်းသည်။ မြေတစ်လက်မမှမကျန် ထွန်ဆွရသည်။ ရွာနီးချုပ်စပ်က လယ်သမား ကျားမ

mgyoe.com

အားလုံးခေါ်သည်။ ကျွန်တော် ထွန်ယက်သည်၊ ပျိုးကြဲသည်၊ စပါးရိတ်သည်။ အလုပ်ကတော့ သိပ်များ၊ သိပ်ပင်ပန်း၊ စိတ်တော့စိတ်ပျက်စရာပါပဲ။ ဘာနဲ့တူသလဲဆိုရင် အစာတင်နေတဲ့ ကြောင်ဟာ မီးဖိုထဲကသခွားသီးကိုပဲ လွေးရသလိုပါပဲ။ ကိုယ်တွေလက်တွေ ကိုက်ခဲပြီး တစ်ခါတစ်ရံ မတ်တတ်က အိပ်ပျော်မိပေသည်။

ပထမတော့ ခုလို ပင်ပင်ပန်းပန်းလုပ်ရခြင်းကို 'ယဉ်ကျေး'တဲ့ အနေအထိုင်နဲ့ ဆေးလျှော်ပစ်လို့ရမည်ဟု ထင်သည်။ ဒီလိုဖြစ်ရန် ကျွန်တော်က အပြင်ပ သာယာနှစ်သိမ့်မှုလိုသည်ဟု ယူဆမိသည်။ ကျွန်တော်က အပေါ်ထပ်မှာ အကောင်းဆုံးအခန်းကို ယူထားသည်။ ထမင်းစားလျှင် အရက်တို့ ကော်ဖီတို့ပါသည်။ ညအိပ်ရာဝင်တိုင်း 'ဝိဇယကာရီ' ပြဇာတ်ကို ဖတ်သည်။ တစ်နေ့တော့ သူကြီးမင်း ဦးဂုမ္ဗန်လာပြီး ကျွန်တော့်အရက်တွေကုန်အောင် သောက်ပစ်ပါလေရော။ ဝိဇယ ကာရီပြဇာတ်လည်း သူကြီးမင်းလက်ထဲ ရောက်သွားတော့သည်။ စပါးပေါ်ချိန်တွင် ပေါက်လာပြီဆိုလျှင် အိပ်ရာထဲကိုပြန်မရောက်တော့။ လှည်းပေါ် တစ်ခါတစ်ရံအိပ်ရသည်။ တစ်ခါတစ်ရံလည်း သစ်ပင်တွေအောက် လှဲလိုက်ရသည်။ စာပေဖတ်ဖို့စိတ်ပင် မကူးနိုင်တော့။

ကျွန်တော်လည်း အောက်ထပ်ရွှေ့ရကာ မီးဖိုချောင်မှာပင် ထမင်းစားရပေသည်။ ယခင်က စည်းစိမ်တွေတစ်ခုမျှ မကျန်တော့ပေ။

ကျွန်တော် သည်အရပ်မရောက်ခင်ကလည်း ကျွန်တော့်ကို အစိုးရက သမာဓိမြို့ဝန်ခန့်ထားခဲ့သည်။ ထိုအလုပ်တာဝန်မှာမှု ႏ ၊မှုအခင်းများပေါ်ပါက မြို့သို့ သွားကာ ရုံးတက်ရသည်။ ယင်းအလုပ်က 'အပြောင်းအလွဲ' ဖြစ်စေပေသည်။

ယခုကဲ့သို့ မိုးတွင်းကာလ သုံး–လေးလ မိတ်ဆွေသစ်ဆို၍ တစ်ယောက်မျှ မတွေ့မမြင်ရသောအခါ သင်သည် အင်္ကျီအနက်ကို လွမ်းဆွတ်တမ်းတပေသည်။ ဗိုလ်တဲရောက်သောအခါ အပေါ်အင်္ကျီအနက်များ စစ်ဝတ်စစ်စားကို မြင်ရပေတော့သည်။ ဝတ်လုံတော်ရများ၊ ပညာတတ်များ ဝတ်ဆင်သော အဝတ်များပင်။ သူတို့နှင့်စကားပြောရသည်။ လှည်းကတ်ပေါ်အိပ်စက်ကာ မီးဖိုချောင်၌ ထမင်းစားသောက်ခဲ့ရပြီးနောက် ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ကာ သန့်ပြန့်သော အဝတ်အစားကို ဆင်ယင်လျက် အရာရှိများအလယ် အာလာပသလ္လာပ ပြောဆိုရခြင်းသည်ကား စည်းစိမ်ချမ်းသာတစ်ခု ပေတကား။

မြို့ပေါ်၌ကား ကျွန်တော့်အားကောင်းမွန်စွာ ဧည့်ဝတ်ပြုကြသည်။ မကြာမြင့်မီပင် အသိမိတ်ဆွေများ အပေါင်းအသင်းများအနက် အရင်းနှီးဆုံး၊ အနှစ်သက်ဆုံးသည်

mgyoe.com

mgyoe.com


ကား တွဲဖက်တရားသူကြီး ဦးသီဟပင်တည်း။ ခင်ဗျားတို့ သိကြသည့်အတိုင်း ဦးသီဟမှာ လူချောတစ်ယောက်ဖြစ်ပေသည်။ သူနှင့် ခင်မင်မိသည်မှာ နာမည်ကြီးမီး ရှို့မှုပြီးမှ ဖြစ်သည်။ ပဏာမအမှု စစ်ဆေးသည်မှာ ၂ ရက်ကြာလေသည်။ ကျွန်တော် တို့လည်း ပန်းသွားကြတော့သည်။

ဦးသီဟက ကျွန်တော့်အား "အိမ်လာပါဦးဗျာ၊ ညစာလာစားစမ်းပါ"ဟု ဖိတ် လိုက်သည်။

ကျွန်တော်က မမျှော်လင့်ပေ။ အလုပ်သဘောအရသာ လူချင်းသိသော်လည်း သူ့အိမ်သို့တစ်ခေါက်မျှ မရောက်ဖူးပေ။ ကျွန်တော်တည်းခိုရာသို့ ခေတ္တပြန်ကာ အဝတ်အစားလဲပြီး သူ့အိမ်သို့ထမင်းစား ထွက်ခဲ့ပေသည်။

ကျွန်တော်လည်း ထိုအခါကျမှ ဦးသီဟကတော်မှိုနှင့် သိကျွမ်းခွင့်ရပေတော့ သည်။ မှိုမှာအသက် ငယ်ငယ်ပင်ရှိသေး၍ ၂၂ နှစ်ထက် ကြီးမည် မဟုတ်ပေ။ ၆ လ ခန့်ကပင် ပထမကလေး မွေးပြီးခဲ့ပေပြီ။

ဒီအဖြစ်အပျက်က အတိတ်မှာ ဝေးခဲ့ပြီ။ ထိုအခါက မှိုသည် ဘယ်အရာတွင် ထူးခြားချက်ရှိသည်၊ မှို့ကို ဘယ်နေရာတွင် သဘောကျမိသည်တို့ကို သိရန် ခက်ခဲလှ တော့သည်။ သို့သော် ညစာဖိတ်သည့်အခါ ရောက်ရာမှ ကျွန်တော့်အတွက် အင်မတန် ရှင်းပါ၏။ ကျွန်တော်တွေ့ရသည်ကား ချောမောလှပသော၊ ကြင်နာယုယသော၊ ဉာဏ် အမြော်မြင်ရှိသော၊ စွဲလမ်းဖွယ်ကောင်းသော မိန်းမပျိုပင်တည်း။ ငယ်ငယ်ကတည်းက မြင်ဖူးသကဲ့သို့ သူ့မျက်လုံးများနှင့် ရင်းနှီးတွယ်တာနေမိပေသည်။

မီးရှို့မှု၌တရားခံ ၄–ဦးမှာ ပူးပေါင်းကြံစည်မှုဖြင့် ရုံးတင်ထားသည်။ ကျွန်တော့် သဘောအရမူ သူတို့မှာ အပြစ်မရှိဟု ထင်ပေသည်။ ထမင်းစားပွဲ၌ ကျွန်တော့်မှာ လှုပ်ရှားနေသည်။ ကျွန်တော် ဘာပြောသည်ဆိုသည်ကိုပင် မမှတ်မိတော့။ သို့သော် မှိုက ခေါင်းကလေးကိုယမ်းခါကာ သူ့ယောကျ်ားအား ပြန်ပြောနေသည်။

"ကိုကို…၊ မှိုတော့ ဟုတ်နိုင်ပါ့မလားလို့ ထင်နေတယ်…"

ဦးသီဟမှာ သဘောကောင်း ရိုးရိုးသမားတစ်ယောက်ဖြစ်ရာ ရုံးတွင်ရောက်၍ တရားစွဲဆိုခြင်း ခံရသူသည် အပြစ်ရှိသည်ဟူသော ယုံကြည်ချက်၌ စွဲမြဲနေသူမျိုး ဖြစ်သည်။ အမှုစီရင်ချက်၏ မှန်ကန်မှုနှင့်ပတ်သက်၍ အမှုတွဲစာရွက်စာတမ်းများ မှလွဲပြီး သံသယရှိကြောင်း ဖော်ပြခြင်းမထိုက်။ ထမင်းစားပွဲနှင့် စကားစပ်ပြောဆို ခြင်းလည်း မထိုက်ဟု ယုံကြည်သူဖြစ်ပေသည်။

mgyoe.com

mgyoe.com

"ခင်ဗျားတို့ ကျွန်တော်တို့ ဒီလိုမိးရှိ့မှုမျိုး ကျူးလွန်ပါ့မလား။ ကျွန်တော်တို့ တစ်တွေဟာ တစ်ခါမှ အမှုအခင်းမဖြစ်ဖူးဘူး၊ ထောင်မကျဖူးဘူး မဟုတ်လား" ဟု ဦးသိဟက ပြောလေသည်။

လင်မယား နှစ်ယောက်စလုံး ကျွန်တော့်အား အားမနာစတမ်း စားဖို့သောက်ဖို့ ပြောကြသည်။ သူတို့လုပ်ပုံ၊ ကိုင်ပုံ၊ နေပုံ၊ ထိုင်ပုံအသေးစိတ်များ၊ ဥပမာ နှစ်ယောက်သား ကော်ဖီဖျော်ပေးပုံများ၊ တစ်ယောက်ကိုတစ်ယောက် သိရှိနားလည်စွာ ဆက်ဆံပုံများကို လေ့လာ၍ သူတို့သည် အေးအေးချမ်းချမ်း ပြေပြေပြစ်ပြစ်ရှိကြကြောင်း အကဲခတ်၍ ရသည်။ ညှော်သည်တစ်ယောက် လာရောက်လည်ပတ်ခြင်းကို လိုလားနှစ်သက်ပုံ ရပေသည်။ ထမင်းစားသောက်ပြီးသောအခါ လင်မယားနှစ်ယောက် စန္ဒရားတွင်ထိုင်ကာ ဆိုကြတီးကြသည်။ ညဥ့်နက်ပြီဖြစ်၍ ကျွန်တော်လည်း ပြန်ခဲ့ပေသည်။

တစ်မိုးတွင်းလုံး ဇေယျာပူရတွင် နေထိုင်သည်။ မြို့အကြောင်းတွေးဖို့ပင် အချိန်မရ။ သို့သော် ဝသန်ကာလတစ်ခုလုံး သူ့ကို သတိရနေမိသည်။ မှီ၏အရိပ်သည် ကျွန်တော်၏ ဝိညာဉ်ထဲ၌ ညင်သာစွာလဲလျောင်း ငြိတွယ်နေသကဲ့သို့ ရှိပေသည်။

ဟောမန်ဦးက မြို့၌ အလှူငွေအတွက် ကပြသောကပွဲရှိရာ ကျွန်တော်လည်း ရောက်သွားမိသည်။ အရာရှိများ သီးသန့်ကြည့်ရာ ရာဇမတ်ကွက် ကာထားသည့်နေရာတွင် ရောက်သွားသည်။ မှီ့ကို ခရိုင်ဝန်ကတော်နံဘေး၌ တွေ့လိုက်ရပေသည်။ ထိုအခါတွင်လည်း ယခင်ကကဲ့သို့ မတွန်းလှန်နိုင်သော အတွေ့အထိကို ခံစားမိသည်။ လှပသော မှီ၏ကြင်နာယုယသော မျက်လုံးများ၊ နီးကပ်ရင်းနှီးသော အသိကို ရလာသည်။ ကျွန်တော်သည် မှီ့အပါးသို့ သွားထိုင်သည်။ ထို့နောက် အပြင်သို့ ထွက်လာကြသည်။

မှီက...

"ဘာဖြစ်လို့လဲဟင်၊ ရှင်ပိန်သွားပါကလား"

"ဟုတ်တယ်၊ ပခုံးတွေက ကိုက်တယ်။ ညညလည်း အိပ်လို့မရဘူး..."

"ကိုတင့်မောင်ကြည့်ရတာ တစ်မျိုးပဲ၊ ဖျော့တော့တော့နဲ့။ အရင်တစ်ခါ လာတုန်းကလေ ငယ်လည်းငယ်တယ်၊ တက်လည်း တက်ကြွတယ်။ အဲဒီညတုန်းက ရှင်စကားတွေပြောလိုက်တာ။ ရှင်ဟာ သိပ်စိတ်ဝင်စားဖို့ ကောင်းတာပဲ။ အမှန်ပြောရရင် မှီလည်း ရှင့်ဘက်ပါသွားတာပဲ။ တစ်မိုးလုံး ရှင့်အကြောင်းတွေးနေမိတယ်။ ဒီညလည်း ပွဲလာခါနီးတုန်းက တစ်မျိုးပဲလေ...၊ ရှင်နဲ့တွေ့ရမလားလို့တောင် ထင်လိုက်သေးတယ်"

ထို့နောက် မှီသည် ရယ်နေလေ၏။

mgyoe.com

mgyoe.com


မိုက ပြန်ပြောပြန်သည်။

"ဒီညတော့ ရှင့်ကြည့်ရတာ ဖျော့တော့တော့နဲ့၊ နည်းနည်းလည်း ကြီးလာသလိုပဲနော်"

နောက်တစ်နေ့ ဦးသီဟတို့အိမ်တွင် နံနက်စာ စားသည်။ စားသောက်ပြီးကြသောအခါ တောဘက်ရှိ နွေရာသီအိမ်ကလေးသို့သွားရာ ကျွန်တော်လည်း သူတို့နှင့်အတူ လိုက်ပါသွားပြီး အတူပင် ညဘက်ပြန်ရောက်လာသည်။ သန်းခေါင်ယံ၌ လက်ဖက်ရည်အတူသောက်ကြသည်။ ညသည် တိတ်ဆိတ်နေ၏။ အေးသဖြင့် မီးဖိုထား၏။ ကလေးငယ် အိပ်ပျော်မပျော် မိခင်က သွားကြည့်နေ၏။

ထိုအခါကစ၍ ကျွန်တော်သည် မြို့ရောက်တိုင်း ဦးသီဟတို့အိမ်သို့ ရောက်လေသည်။ တစ်ယောက်နှင့်တစ်ယောက်လည်း ပိုမိုရင်းနှီးလာကြပေသည်။ သူတို့ အိမ်သို့ အိမ်သားတစ်ဦးကဲ့သို့ အမှတ်မထင်ရောက်သွားတတ်ပေသည်။

"ဘယ်သူများပါလိမ့်" ဟု ခပ်လှမ်းလှမ်း အခန်းဆီမှ လေးတွဲ့တွဲ့ချစ်စရာ အသံကို ကြားရတတ်သည်။

"ကိုတင့်မောင် လာပါတယ်" ဟု အာယားမ သို့မဟုတ် အိမ်ဖော်တစ်ယောက်၏ ဖြေကြားသံကို ကြားရ၏။

မိုသည် ထွက်လာကာ စိုးရိမ်သောအသံလေးနှင့် မေးမြန်းနှုတ်ဆက်လေသည်။

"မလာတာ ကြာပါပကောလား၊ ဘာဖြစ်လို့လဲဟင်..."

သူ့အကြည့် လှပချောမွေ့သော သူ့လက်များ ရိုးရိုးယဉ်ယဉ်ကလေး ဝတ်ထားသည့် သူ့အဆင်အယင်၊ ဆံပင်ကို သူထုံးဖွဲ့ထားပုံ သူ့အသံ၊ သူလမ်းလျှောက်ပုံ အားလုံးတို့သည် ဆန်းသစ်နေကြသည်။ ထူးခြားနေကြသည်။

အချိန်အတော်ကြာ ကျွန်တော်တို့ စကားပြောနေကြ၏။ တစ်ခါတစ်ရံလည်း ကိုယ့်အတွေးနှင့် ကိုယ်ရှိနေသည့်အခါ တိတ်ဆိတ်နေကြ၏။ တစ်ခါတစ်ရံ မိုက စန္ဒရားတီးနေတတ်၏။ တစ်ခါတစ်ရံ ဘယ်သူမှမရှိကြသည့်အခါ စောင့်ရင်း အာယားမနှင့် စကားပြောချင်ပြောနေ၏။ ကလေးနှင့် ဝင်ကစားချင်ကစား၏။ သို့မဟုတ်လျှင်လည်း စာဖတ်ခန်းထဲဝင်ကာ သတင်းစာဖတ်နေ၏။ မိုပြန်လာသောအခါ အဝသို့သွားကြိုကာ မိုပွေ့လာသောအထုပ်များကို ဆီးယူခဲ့သည်။ ယူတိုင်း ကလေးလေးကဲ့သို့ ပျာပျာသလဲ ချစ်နိုးဖွယ်ရာရှိတတ်လေသည်။

ကျွန်တော် မြို့သို့အရောက်ဝေးသွားသည့်အခါဆိုလျှင် ကျွန်တော် ဖျားနာနေ

mgyoe.com

သလော သို့မဟုတ် တစ်ခုခုများဖြစ်နေပြီလောဟု သူတို့က စိုးရိမ်တတ်ကြ၏။ သူတို့က ကျွန်တော်ကဲ့သို့ ပညာတတ်တစ်ယောက်က စာပေပရိယတ္တိလုပ်ငန်း သို့မဟုတ် သုတေသနလုပ်ငန်းတို့၌ မလုပ်ဘဲ လှောင်အိမ်ထဲမှ ငှက်ကဲ့သို့ ဟိုပြေး ဒီပြေး ပြေးလွှား၍ အလုပ်ပင်ပင်ပန်းပန်းလုပ်ကာ ငွေကြေးမစုမိဘဲနေရခြင်းကို စိတ်သောကမကင်းကြ။ သူတို့က ကျွန်တော်သည် မပျော်ပိုက်ဟု တွက်ထားကြသည်။ ကျွန်တော် ပြောဆိုရယ်မောနေသည်မှာ ကျွန်တော်၏ စိတ်ရှုပ်စရာများကို ဖုံးကွယ်ထားခြင်းဟု ယူဆကြ၏။ ကျွန်တော် အေးအေးဆေးဆေး သက်သောင့်သက်သာနေစဉ်မှာပင် သူတို့က ကျွန်တော့်အားကြည့်သော မျက်လုံးများကို အကဲခတ်မိသည်။ ကျွန်တော့်မှာ ဒုက္ခရောက်နေသောအကြွေးများ အချိန်မီ မပေးဆပ်နိုင်ရှိနေစဉ် သူတို့က စိတ်ထိခိုက်နေကြလေ၏။

လင်မယား ၂ ယောက်စလုံးပင် ပြတင်းပေါက်နားသွားကာ တိုးတိုးပြောကြပြီး ကျွန်တော့်နားပြန်လာလျက် ဦးသိဟက မျက်နှာသေသေနှင့်ပြော၏။

"ခင်ဗျားမှာ ငွေလိုနေရင်ဗျာ ကျွန်တော့်မိန်းမကတော့ ကျွန်တော့်သဘောပါ ဟန်လုပ်မနေပါနဲ့လို့ တောင်းပန်ချင်ပါတယ်။ တကယ်ပါ ကျွန်တော်တို့ ငွေချေးပါ့မယ်"

သူသည် ပြောရင်းနှာခေါင်းများ နီမြန်းနေ၏။ ထို့နောက် တစ်ဖန်ပြတင်းပေါက်နားသွားကြပြီး တိုးတိုးလုပ်ကြပြန်ကာ လင်ယောကျ်ားလုပ်သူက မျက်နှာနီမြန်းကာ ပြန်လာလျက် ပြောပြန်၏။

"ကျွန်တော့်မိန်းမရော ကျွန်တော်ရော တောင်းပန်ချင်တယ်ဗျာ ဒီလက်ဆောင်ကလေးတော့ လက်ခံပါ"

၊ ဦးသိဟက ကျွန်တော့်လက်ထဲသို့ ကြယ်သီး သို့မဟုတ် စီးကရက်သေတ္တာကို အတင်းထည့်သည်။ ကျွန်တော်ကလည်း လယ်တောမှရသော ကြက်၊ ထောပတ်၊ ပန်းများပို့လိုက်သည်။ သူတို့မှာ ချောင်ချောင်လည်လည်ရှိကြသည်။ စောစောပိုင်းက ကျွန်တော်လည်း မကြာခဏ သူတို့ထံမှ ငွေချေးရသည်။ ရွေးမနေနိုင်တော့။

ကျွန်တော်ကား မပျော်ပိုက်။ အိမ်တွင်လည်းကောင်း၊ လယ်တောတွင်လည်းကောင်း၊ တဲကုပ်တွင်လည်းကောင်း သူ့ကို အစဉ်မပြတ် တွေးတောနေမိသည်။ သူ့ထက်အသက်ကြီး၍ (ဦးသိဟမှာ အသက်–၄၀ကျော်ပြီ) စိတ်ဝင်စားဖွယ်ရာ မကောင်းသောသူအား လှပသော မိန်းကလေးက လက်ထပ်ရသော အသိခက်သည့် အကြောင်းကို နားလည်အောင် ကြိုးစားကြည့်သည်။ ဦးသိဟကား ရိုးသည်၊ ကြင်နာတတ်သည်။

mgyoe.com

mgyoe.com


ပျင်းစရာကောင်းသည်။ ညစဉ်ခံပွဲများ၌ အရာရှိပိုင်း၌ ထိုင်ကာ ခပ်စင်းစင်းပင် သနားစရာ နေတတ်သည်။ ရောင်းကုန်တစ်ခု ပြထားသကဲ့သို့ မှတ်ရသည်။ သို့သော် သူ့မှာ ပျော်ရွှင်သည်။ မယားနှင့် သားသမီးများနှင့် ရှိသည်။ ကျွန်တော်ကမူ ဘာဖြစ်လို့ သူနှင့်အရင်တွေ့ပြီး ငါနှင့်နောက်မှတွေ့ရ သလဲဟုတွေးကာ ဘာဖြစ်လို့များ ငါတို့ ဘဝမှာ ဒီလိုအမှားမျိုး ပေါ်ပေါက်လာရ ပါလိမ့်မလဲဟု အောက်မေ့နေမိလေ၏။

ကျွန်တော်မြို့သို့ရောက်တိုင်း သူ့မျက်လုံးများမှာ ကျွန်တော့်ကို မျှော်နေဘိသကဲ့သို့ အောက်မေ့ရပေသည်။

မိုက... "တစ်မျိုးပဲ၊ ကိုတင့်မောင် မိုတို့အိမ်လာမယ့်နေ့ဆိုရင် ကိုတင့်မောင် ရောက်လာမှာပဲလို့ ထင်နေရင်း ရောက်လာတာပဲ"ဟု ပြောလေသည်။

ကျွန်တော်တို့သည် အချိန်အတော်ကြာ စကားလက်ဆုံကျနေကြသည်။ ထို နောက် ငြိမ်သက်သွားကြသည်။ တစ်ယောက်နှင့်တစ်ယောက် ချစ်နေကြကြောင်းကား ဖွင့်ဟဝန်ခံခြင်းမရှိကြ။ ကျွန်တော်တို့၏ လျှို့ဝှက်ချက်ပွင့်သွားမှာကိုပင် ကြောက်နေကြသည်။

ကျွန်တော် သူ့ကို ကြင်ကြင်နာနာ လေးလေးနက်နက် ချစ်သည်။ သို့သော် တိုက်ပွဲကို တိုက်နိုင်သည့်အားမရှိလျှင် ကျွန်တော်တို့၏အချစ်သည် ဘာဖြစ်သွားမည်နည်းဟု အမြဲတမ်း မေးမြန်းနေမိလေသည်။

ကျွန်တော်၏ သိမ်မွေ့နူးညံ့သော၊ ဝမ်းနည်းဖွယ်ကောင်းသော ချစ်မေတ္တာမှာ အေးချမ်းသာယာလျက်ရှိသော သူ့ယောကျ်ား၊ သူ့ကလေး၊ ကျွန်တော့်အား ချစ်ခင်ယုံကြည်ကြသော အိမ်ထောင်တစ်ခုလုံး၏ ဘဝမျက်နှာပြင်ကို ကြမ်းတမ်းရိုင်းပျစွာ ခွဲဖြိုဖျက်ဆီးပစ်လိမ့်မည်ပါတကား ဟူသောအသိမှာ မယုံနိုင်စရာဖြစ်နေပေသည်။ ဂုဏ်မဲ့ရာ မရောက်ပေဘူးလော၊ သူကလိုက်ရင်ကော ဘယ်အရပ်သွားကြမည်နည်း။ အကယ်၍ ကျွန်တော်သည် လုပခမ်းနား၍ စိတ်ဝင်စားဖွယ်ကောင်းသော ဘဝအခြေအနေဆိုလျှင် တစ်မျိုးဖြစ်ပေမည်။ အကယ်၍ တိုင်းပြည်၏ လွတ်မြောက်ရေးအတွက် တိုက်နေသောသူတစ်ယောက်၊ သို့မဟုတ် ကျော်ကြားသောပညာရှိသုတေသီ၊ ပြဇာတ်မင်းသား၊ ပန်းချီဆရာ... ယခုအတိုင်းဆိုလျှင် ငြီးငွေ့ဖွယ်ရာကောင်းသော ဘဝတစ်ခုမှ ပို၍ပင်ငြီးငွေ့ဖွယ်ကောင်းမည့် ဘဝတစ်ခုသို့ သူ့ကို ပို့ဆောင်ခြင်းသဘောမျှသာ တူနေပေလိမ့်မည်။ ကျွန်တော်တို့၏ ပျော်ရွှင်ခြင်းသည် မည်မျှကြာအောင် ခံမည်နည်း။ အကယ်၍ ကျွန်တော် ဖျားနာလျှင်၊ သို့မဟုတ် သေသွားလျှင်၊ သို့မဟုတ် တစ်ယောက်

mgyoe.com

 mgyoe.com 

နှင့်တစ်ယောက် ဆက်လက် မချစ်ကြတော့လျှင် မှီ ဘာဖြစ်သွားမည်နည်း။

မှီကလည်း သည်အတိုင်းပင် တွေးသည်။ သူ့လင်ယောကျ်ားအကြောင်း၊ သူ့ကလေးများအကြောင်း၊ သူ့သမက်ကို သားအရင်းကဲ့သို့ချစ်ရှာသော သူ့အမေအကြောင်းများကို တွေးသည်။ အကယ်၍ စိတ်အလိုလိုက်မည်ဆိုပါက လိမ်ချင်လိမ်ရလိမ့်မည်။ သို့မဟုတ် အမှန်ကိုပြောရမည်။ ထိုအခါ တစ်ခုခုလုပ်ရလျှင် မသက်မသာဖြစ်မည်၊ ကြောက်စရာဖြစ်မည်။ သူ့မေတ္တာက ကျွန်တော့်ကို ပျော်ရွှင်မှုပေးစွမ်းနိုင်ပါမည်လောဟုလည်း သူ့ကိုယ်သူ မေးမြန်းကာ စိတ်ဆင်းရဲနေမိသည်။ ကျွန်တော်၏ဘဝကို မရှုပ်ထွေးစေဘူးလော၊ ယခုအတိုင်းပင် ကျွန်တော့်ဘဝမှာ မာကျောကြမ်းတမ်းကာ ဒုက္ခဖြင့်ပြွမ်းနေသည်ဟု ထင်ရပေသည်။ သူကိုယ်တိုင်ကလည်း သိပ်မငယ်တော့ပြီ။ ဘဝသစ်တစ်ခု ထမ်းဆောင်ရန် အင်အား သိပ်မရှိတော့။

မှီက မကြာခဏပင် သူ့ယောကျ်ားအား "ကိုတင့်မောင်ဟာ မိန်းကလေး လိမ်လိမ်မာမာနဲ့ လက်ထပ်ဖို့ကောင်းတယ်။ မိန်းကလေးက အိမ်ထောင်ကိုလည်း ကောင်းကောင်းထိန်းသိမ်းနိုင်ရမယ်။ ဘဝအဖော်လည်း ဖြစ်ရမယ်။ ဒါပေမဲ့လေ ဒီမြို့မှာတော့ ဒီလိုမိန်းကလေးမျိုး ရှာတွေ့မှာ မဟုတ်ပါဘူး"

နှစ်များ ကုန်လွန်သွားကြပေသည်။ မှီမှာ ကလေးနှစ်ယောက် ရှိလာပေပြီ။ ဦးသိဟတို့အိမ်ရောက်လျှင် အိမ်ဖော်များက ဖော်ရွေပျူငှာစွာ ပြုံးကြသည်။ ကလေးများကား "ဦးလေးတင့်မောင်ကြီးလာပြီ" ဟု အော်ပြေးလာကာ ကျွန်တော့်လည်ပင်း အားဖက်ပြီးတွဲလွဲခိုကြသည်။ တစ်အိမ်သားလုံး ပျော်ရွှင်နေကြတော့သည်။

ကျွန်တော့်ရင်ထဲ ဘာဖြစ်နေသည်ကိုကား သူတို့မသိကြ။ ကျွန်တော် ပျော်ရွှင်နေသည်ဟုပင် သူတို့က ထင်မှတ်နေကြကုန်သည်။ အားလုံးက သဘောကောင်း သူတစ်ယောက်အဖြစ် မှတ်ယူနေကြသည်။ လူကြီးရောကလေးပါ သဘောကောင်း သူတစ်ယောက် အခန်းထဲရှိကာ ယင်းသို့ရှိနေခြင်းက သူတို့ဘဝကို ပို၍ဖြူစင်စေ၊ လှပစေသည်ဟု အောက်မေ့ခံစားနေကြပေသည်။

မှီနှင့်ကျွန်တော်တို့သည် ဇာတ်ရုံတော်သို့ နှစ်ယောက်အတူ လမ်းလျှောက်သွားကြသည်။ ဘေးချင်းကပ် ထိုင်ကြသည်။ ပခုံးချင်းထိလျက် စကားစမြည်မျှ မပြောဘဲ သူ့လက်ထဲမှ ပြဇာတ်ကြည့်မှန်ပြောင်းကို ယူလိုက်သည်။ ထိုအခါတွင် နီးကပ်သော အသိကို ခံစားမိကာ မှီကို ကျွန်တော်ပိုင်သည်ဟု အောက်မေ့မိသည်။ တစ်ယောက်နှင့်တစ်ယောက် ကွဲကွာ၍မနေနိုင်ဟုလည်း သိလာရသည်။ ဆန်းကြယ်သည်ကား ရုံထဲမှ

mgyoe.com

mgyoe.com

ထွက်လာကြသောအခါ အချင်းချင်းနှုတ်ဆက်ကာ လူစိမ်းပြင်ပြင်ကဲ့သို့ ခွဲခွာလိုက်ကြသည်။ မြို့ထဲ၌ကား ကျွန်တော်တို့နှစ်ယောက်အကြောင်း ကဲ့ရဲ့သဂြိုဟ် အတင်းဆိုနေကြပေမည်။ သို့သော် သူတို့စကားထဲ၌ အမှန်တရား မပါပေ။

ထိုနောက်များတွင်ကား မှီသည် မကြာခဏဆိုသလို သူ့အစ်ကိုထံ၊ သူ့အစ်မထံ သွား၍နေတတ်သည်။ ခပ်ထိုင်းထိုင်း မှိုင်းမှိုင်းလည်း ရှိတတ်သည်။ သူ့ဘဝမှာ ကျေနပ်ဖွယ်မရှိ။ ပျက်စီးနေသည်ဟု နားလည်သိမြင်စ ပြုလာလေသည်။ ထိုအခါမျိုးတွင် သူ့လင်ယောကျ်ားကိုလည်း ဂရုမစိုက်တော့၊ သားသမီးများကိုလည်း ဂရုမစိုက်တော့။ နေမကောင်း၍ စိတ်တိုကာ တုန်တုန်ယင်ယင်ဖြစ်နေသည်ဟုဆိုကာ ဆေးဝါးကုသနေရလေသည်။

ကျွန်တော်တို့လည်း ဘာမျှမပြောကြတော့။ လူစိမ်းများရှေ့မှောက်၌ မှီသည် ကျွန်တော်နှင့် စိတ်အခန့်မသင့်လေဟန်ရှိသည်။ ကျွန်တော် ဘာပြောပြော သူက ကန့်ကွက်ပြောဆိုသည်။ စကားငြင်းခုံနေသည့်အခါ သူက ကျွန်တော်နှင့်ဆန့်ကျင်ဘက်နေရာက ဝင်လိုက်သည်။ ကျွန်တော်က အရှုံးပေးလိုက်သောအခါ သူက "ကောင်းတယ်... ကောင်းတယ်..."ဟု ဆိုလေသည်။

ပြဇာတ်သွားကြည့်ကြရင်း သူ့လက်က မှန်ပြောင်းယူရန် မေ့နေသောအခါ မှီက နောက်မှပြောသည်။

"ရှင်မေ့နေမှာပဲလို့ မှီသိသားပဲ..."

ကျွန်တော်တို့ ဘဝတစ်သက်သာမှာ ဘာမျှအဆုံးအစမရှိသလို ဖြစ်နေပေသည်။ ဦးသီဟမှာ အနောက်တိုင်းတစ်နေရာသို့ ရာထူးနှင့် ပြောင်းရွှေ့ရမည်ဟူသော ခန့်စာရောက်လာသောအခါ သူ့အား ခွဲရချိန်ရောက်လာတော့သည်။

သူတို့သည် အိမ်ထောင်ပရိဘောဂများ၊ မြင်းများ၊ နွေရာသီအိမ်များကို ရောင်းချရန်ဖြစ်လာသည်။ နွေရာသီအိမ်သို့ သွားကြည့်ပြန်လာကြသောအခါ ဥယျာဉ်နှင့် အမိုးစိမ်းစိမ်းများကို နောက်ဆုံးအကြိမ် မျှော်ကြည့်ကြရာ အားလုံးဝမ်းနည်းနေကြတော့သည်။ ကျွန်တော်ကား အိမ်ကြီးကိုသာ နှုတ်ဆက်ရတော့မည် မဟုတ်သေးဟု နားလည်လာပေသည်။ အစီအစဉ်အရ ဩဂုတ်လကုန်တွင် ဆရာဝန်တိုက်တွန်းချက်အရ မှီသည် မောင်းမကန်သွားနေရမည်။ သူသွားပြီးမှ ဦးသီဟနှင့် စကားများကာ အနောက်တိုင်းသို့ ပြောင်းရွှေ့ရမည်ဖြစ်ပေသည်။

ဘူတာရုံတွင် မှီအား နှုတ်ဆက်ကြသော ပရိသတ်တို့ဖြင့် ပြည့်နေလေသည်။
mgyoe.com

mgyoe.com
မိုက သူ့ယောကျ်ားနှင့် ကလေးများကို နှုတ်ဆက်သောအခါ တတိယခေါင်းလောင်း ထိုးဖို့ တစ်မိနစ်လောက်သာ ကျန်တော့ပေသည်။ ကျွန်တော်က သူ့တွဲအခန်းသို့ ပြေးကာ သူမေ့ကျန်ခဲ့သော ခြင်းကလေးကို စင်ပေါ်သို့ တင်ပေးပြီး နှုတ်ဆက်ရန် လုပ်သည်။

အခန်းထဲ၌ ကျွန်တော်တို့ ၂ ယောက် မျက်လုံးများတွေ့ဆုံလိုက်ကြသောအခါ ကျွန်တော်တို့၏ စိတ်အင်အားဟူသမျှသည် ကျွန်တော်တို့အား စွန့်ခွာလိုက်ကြလေတော့သည်။ ကျွန်တော်ကသူ့ကို ဖက်ထားသည်။ သူကကျွန်တော့် ရင်ဘတ်ပေါ်၌ သူ့မျက်နှာအပ်ကာ မျက်ရည်များ တသွင်သွင်ကျဆင်းလာလေ၏။ မျက်ရည်ဖြင့် ရွှဲစိုနေသော သူ၏မျက်နှာ၊ ပခုံး၊ လက်မောင်းများကို နမ်းသည်။ အို… ကျွန်တော်တို့ ၂ ယောက် အဘယ်မျှ စိတ်ဆင်းရဲကြလေသနည်း။

ကျွန်တော်က သူ့ကိုချစ်ကြောင်း ဖွင့်ဟဝန်ခံလိုက်သည်။ ပူလောင်နေသော နှလုံးသားနှင့် တစ်ယောက်နှင့်တစ်ယောက် ပွင့်ပွင့်လင်းလင်း မချစ်နိုင်ကြဘဲ ကိုယ့်ကိုယ်ကိုယ် လိမ်ညာဟန်ဆောင်နေကြပါကလားဟု တွေးတောသိမြင်လာပေသည်။ တကယ်တမ်းချစ်ကြပြီဆိုပါက သင်သည် ပျော်ရွှင်တာ မပျော်ရွှင်တာ အပြစ်ရှိတာ အပြစ်မရှိတာထက် အရေးကြီးသော အမြင့်ဆုံးအကြောင်းကို တွေးတောလျှင် တွေးတော သို့မဟုတ ပါကလည်း လုံးလုံးပင် အကျိုးအကြောင်း ယုတ္တိကို မတွေးတောတော့ဘဲ နေလိမ့်မည်။

နောက်ဆုံးအကြိမ်အနေနှင့် ကျွန်တော်က သူ့ကိုနမ်းကာ လက်ကိုဆုပ်ကိုင်ခဲ့ပြီး တစ်သက်လုံး ခွဲခွာလိုက်ကြတော့သည်။ ရထားကား ထွက်နေလေပြီ။ ကျွန်တော်သည် နောက်တစ်တွဲသို့ ကူးသွားသည်။ အခန်းထဲတွင် လူတစ်ယောက်မျှမရှိ ဘူတာတစ်ခု မဆိုက်မီအထိ ငိုနေမိလေသည်။ ထို့နောက် ဇေယျာပူရသို့ လမ်းလျှောက်ကာ ပြန်လာခဲ့ပေသည်။

ကိုတင့်မောင်ပြောပြသော ဝတ္ထုဇာတ်လမ်းဆုံးသွားသောအခါ မိုးမှာစဲနေပြီ ဖြစ်ကာနေပင် ထွက်ပြူလာပေပြီ။ ကိုညိုမှိုင်းနှင့် ကိုငွေရတို့သည် လသာဆောင် ဝရန်တာမှ ရှုမျှော်နေကြသည်။ နေရောင်၌ ကြေးမုံပြင်ကဲ့သို့ ဥယျာဉ်နှင့် မြစ်ကြီးသည် တလက်လက် တောက်ပနေပေသည်။ သူတို့သည် လှပသော ရှုခင်းကို ချီးကျူးကာ ဝတ္ထုဇာတ်ကြောင်းကို ပြောပြသော သူ့အတွက် ဝမ်းနည်းနေမိကြသည်။ သူ့ဘဝကို ပို၍သာယာလှပစေမည့် စာပေဘက် သုတေသနဘက်၌ မလုပ်ရဘဲ ကျယ်ဝန်းလှသော ဤမြေယာတွင် လှောင်အိမ်ထဲမှ ငှက်ငယ်ကဲ့သို့ ပြေးလွှားနေရဦးမှာ ပါတကားဟု
mgyoe.com

mgyoe.com


တွေးတောကြသည်။ မီးရထားခန်းထဲ၌ ကိုတင့်မောင်က သူ၏မျက်နှာနှင့် ပခုံးကို နမ်းကာ နှုတ်ဆက်သောအခါ မိုး၏ မျက်နှာသည် အဘယ်ပုံဝမ်းနည်းကြေကွဲခြင်း ဖြစ်နေမည်ကို သူတို့က တွေးတော မှန်းဆကြည့်ကြသည်။ သူတို့ ၂ ယောက်စလုံး မြို့ထဲ၌ မိုးကို မြင်ဖူးကြသည်။ ကိုညိုမြိုင်းမှာ မိုးနှင့် ခင်မင်ရာ မိုးသည် မိန်းမချောတစ်ဦးဟု ထင်မြင်မိပေသည်။

(ရုရှားစာရေးဆရာ Chekov ၏ About Love မှ ဘာသာပြန်သည်)

မြဝတီမဂ္ဂဇင်း၊ အတွဲ(၇)၊ အမှတ် (၁၀)၊
ဩဂုတ်လ၊ ၁၉၅၉။

❖

mgyoe.com

mgyoe.com

# ရေနှင့်ကြာ

## (၁)

သူထွက်သွားအခါ ကျွန်မမှာ ရှိုက်၍နေမိလေသည်။

အမှန်အားဖြင့်လည်း ကျွန်မ သူ့ရှေ့မှာ မငိုဝံ့။ သူ့ကွယ်ရာတွင် ငိုခဲ့ပေါင်း များလှပေပြီး ကျွန်မတို့ မိန်းမသားများမှာ ငိုရုံအပြင် ဘာတတ်နိုင်ဦးမည်နည်း။

အပြင်ဘက်၌ကား နေရောင်သည် ထွန်းပနေလေ၏။ နှင်းဆွတ်သစ်ရွက်များသည် စိန်ကုံးများ ဆင်ထားကြလေ၏။ လေတိုက်လိုက်သောအခါ စိန်ကုံးများသည် အလုံးပျက်ကာ အိပျော့ကျသွားကြလေ၏။ ကျွန်မသည် ပြတင်းပေါက်၌ရပ်ကာ နှင်းရည်များတင်နေသော သစ်ရွက်များကို ငေးကြည့်နေလေသည်။ နှင်းဆွတ်သစ်ရွက်များကား ကျွန်မ၏ကိုယ်စားလှယ်များ ဖြစ်နေကြပေသည်။ သူတို့၏ စိန်ရည်များသည် တလက်လက်ဝင်းပကာ လှပနေကြ၏။ ကျွန်မမူကား ရှိုက်ငိုမိကာ နှလုံးသား၏ ခံစားမှုသည် မျက်ရည်အဖြစ် သွန်းကျလာကြ၏။ ကျွန်မသည် ဤနှင်းဆွတ်သစ်ရွက်များကဲ့သို့ လွတ်လွတ်လပ်လပ် အလှအပကို ဖန်တီးချင်သည်။ ကျွန်မ၏ စာပေသည် နှလုံးသား၏ ဘာသာစကား ဖြစ်စေချင်သည်။ သို့သော် မျက်ရည်များကို အလှအပအဖြစ်သို့ မပြောင်းလဲပစ်နိုင်။ သစ်ရွက်များလောက်ပင် လွတ်လပ်မှုမရှိ။

mgyoe.com

mgyoe.com

ကောင်းကင်ပြာပေါ်၌ တိမ်သားပန်းနုရောင်များ ပြေးလာကြလေသည်။ သူတို့သည် ဆေးစက်များ စွန်းသကဲ့သို့ ပြန့်လာလေ၏။ စိန်ရည်များမှာ တိုးလျှိုပေါက်မြင်ရသော ကြည်လင်ရွှန်းပသော သန္တာလုံးကလေးများအဖြစ်သို့ ဘဝပြောင်းသွားကြ၏။

လေသည် သုတ်ဖြူးလျက်ရှိ၏။ သန္တာရည်ကလေးများသည် ဝိုင်းဝိုင်းလည်နေလေ၏။ ထို့နောက် မီးခိုးရောင်တိမ်တိုက်များ လွင့်ပါးလာလေသည်။ ပန်းနုရောင်ထဲ၌ မီးခိုးရောင်တစ်ခြမ်းစွန်းကာ လက်နေလေ၏။ နေရောင်သည် ပူနွေးလာပေပြီ။ မြေပြင်နှင့် သစ်ပင်တို့သည် လင်း၍လာ၏။ နှင်းစက်တို့သည် အရည်ပျော်ကာ လျှောကျသက်ဆင်းကြလေပြီ။ သစ်ရွက်တို့သည် စိမ်းစိမ်းစိုစို ကျန်ရစ်ကြလေ၏။

ကျွန်မသည် ပြတင်းပေါက်၌ရပ်ရင်း ဤဘဝအပြောင်းအလဲများ၊ အလှအပများကို ကြည့်ငေးနေသည်။ ကျွန်မသည် လွတ်လွတ်လပ်လပ် အလှအပများကို ဖန်တီးရလျှင် မည်မျှကြည်နူးဖွယ်ကောင်းမည်နည်း။

အောက်ထပ်မှ ဂူးခနဲ ကားထွက်သွားသံကြားလိုက်ရလေသည်။ သူသည် ကလပ်သို့ ထွက်သွားပေပြီ။ သို့မဟုတ်လည်း နန်းသီဒါသို့ သွားချင်သွားမည်။ ကျွန်မနှင့် စကားများပြီးနောက် တစ်နေရာသို့ ထွက်သွားမြဲဖြစ်သည်။ "မင်းကိုက စိတ်မပြတ်ပါဘူးကွာ၊ ဒါကြောင့်သာ ဝတ္ထုထဲပါနေတာပေါ့"

"မောင်လည်း သိသားပဲ၊ ခဏခဏလည်း မ ပြောသားပဲ၊ ဝတ္ထုရေးတယ်ဆိုတာ စိတ်ကူးအလုပ်"

"စိတ်ကူးမို့လို့ ပြောတာပေါ့၊ စိတ်ကူးထဲမှာကိုက ထင်နေတာ"

"မောင့်ကိုမ ချစ်ပါတယ်၊ မောင်မယုံဘူးလား"

သူက နှုတ်ခမ်းကို မဲ့လိုက်လေသည်။ ကျွန်မအား ခက်ထန်စွာကြည့်နေ၏။

ကျွန်မသည် ပြန့်ကျဲလျက်ရှိသော ရေးလက်စ စာရွက်များကို ကောက်ကာ အံဆွဲထဲသို့ ထည့်လိုက်သည်။

"မင်းပြောလိုက်ရင် ဒီလိုချည်းပဲ"

"မ ဘာလုပ်လို့လဲ"

ကျွန်မသည် မနည်းမျိုသိပ်ထားရပေသည်။ ကျွန်မ စာရေးလျှင် သူသည် စားပွဲဘေးရှိ ပက်လက်ကုလားထိုင်၌ ရောက်လာတတ်ကာ ရေးပြီးသားစာရွက်များကို

mgyoe.com

ယူကြည့်တတ်သည်။ ယခုလည်း ဝတ္ထုမပြီးသေးဘဲ ဖတ်ကာ ကောင်မလေးက ရည်းစားဟောင်းကို လင်ယောကျ်ားကွယ်ရာ၌ တမ်းတသည့်အခန်းကို ကန့်ကွက်နေလေသည်။ ကျွန်မသည်ဆက်၍လည်း မရေးချင်တော့ ကျွန်မစိတ်ထဲ၌ တနုံ့နုံ့ဖြစ်နေ၏။

"မင်း အသံကို မင်းပြန်ကြားရဲ့လား"

ကျွန်မသည် ဘာမျှပြန်မပြောခဲ့ချေ။ ကျွန်မ ရင်ထဲ၌ တဒိတ်ဒိတ်မြည်နေ၏။ ကျွန်မသည် ကမ္ဘောဇပြည် 'စာရေးဆရာ နွေရာသီရက်' စာပေပွဲတော်သို့ သွားစဉ်က လက်ဆောင်ရခဲ့သော ကြွေပန်းအိုးကလေးကို စိုက်ကြည့်နေ၏။ ကြွေပန်းအိုးပေါ်၌ကား ရေအိုင်ကြာတောမှ လွတ်လပ်စွာပျံသန်းပျော်မြူးနေသော ငှက်ငါးကလေးများ ရေးခြယ်ထားသည်။ ကျွန်မမှာ ငှက်ငါးကလေးလောက်မှ လွတ်လပ်ပါစ။ ဤမေးခွန်းကို ကျွန်မမေးမြန်းလျက် ရှိပေသည်။ သူသည် စားပွဲဘေး ကျွန်မနှင့် မျက်နှာချင်းဆိုင်နေရာသို့လာကာ "ပြောစမ်းပါဦး၊ မေးတာများလေ၊ မင်းအသံကို မင်းပြန်ကြားရဲ့လား" ကျွန်မသည် ကြာပွင့်မှ အနီရောင်အငုံကလေး ဘယ်နှငုံရှိသလဲကို ရေတွက်နေ၏။ 'ဟင်' သူ့အသံသည် တင်းမာလာ၏။ ငှက်ငါးကလေးများသည် လှိုင်းထလာသဖြင့် မှုန်ဝါးလေသည်။ ကြာပွင့်အဝန်း အရွက်တို့သည် လိမ်ကောက်သွား ကြလေသည်။

ကျွန်မသည် နှုတ်ခမ်းကို ကိုက်လျက်....

"ကြားသားပဲ"

"မင်းအသံကိုက ဒေါသသံပါနေတယ်။ ဒီအကြောင်းကို မေးရင်မြန်းရင်ကို မင်းမကြိုက်ဘူး၊ ဘာဖြစ်လို့ စာရွက်တွေ အံဆွဲထဲထည့်လိုက်ရတာလဲ"

"မ ဆက်မရေးချင်တော့ဘူး"

"မင်းကို ကိုယ်က မရေးနဲ့လို့ မပြောဘူးနော်"

သူ့အသံမှာ ပျော့ပျောင်းလာပြန်လေသည်။ သူကပင် "မရေးနဲ့လို့ မပြောဘူးနော်"ဟု သူ၏ သဘောထားကျယ်ပြန့်မှုကို ဖော်ပြလိုက်သေးပါကလား။ ကျွန်မ ရင်ထဲ၌မူ ရယ်မောနေသည်။

မရေးနှင့်ဟု ပြောကာ ပြောင်တားမြစ်ခြင်းသည် ရိုးသားဖြောင့်မှန်သည်ဟု ကျွန်မက ထင်သည်။

သူပေးထားသော လွတ်လပ်ခွင့်ဘောင်ကား ကျဉ်းမြောင်းလှပေသည်။ ကျွန်မက ထင်ရာလုပ်မည်ဟူသော အဆီးအတား အကန့်အသတ် လုံးဝကင်းမဲ့သည့် သဘောကို ယုံကြည်သူမဟုတ်၊ မင်းမဲ့စိုးမဲ့ဝါဒကို နှစ်သက်သူမဟုတ်။ သို့သော် ဝတ္ထုရေးမဖျက်

mgyoe.com

mgyoe.com


နေပါလျက် ကျွန်မ၏စာပေဖန်တီးမှု လွတ်လပ်ရေးကို ထိပါးနေသည်ကား စိတ်မချမ်းမြေ့ ဖြစ်မိပေသည်။ စာရေးချင်စိတ်မှာ ကုန်ခန်းသွားလေတော့သည်။

"ကဲ… ဆက်ရေးလေ"

"မ စိတ်မပါတော့ဘူး"

"ဒါတော့ သဘောပဲ"

ထို့နောက် ကိုစိန်စားသည် ဘာမျှမပြောတော့ဘဲ အောက်ထပ်သို့ ဆင်းသွားလေသည်။

ကျွန်မသည် ပြတင်းပေါက်မှ ပြန်လာကာ ကလောင်တံကို မင်စိုက်ခုံတွင် တင်ထားလိုက်သည်။ စားပွဲခင်းတွန့်နေသည်များကို လက်ဖြင့်ဆန့်သည်။ စားပွဲစွန်းရှိ ရွှေရောင်နှင့်အနီ ဓိုးကွက်ရုပ်ကို ကျွန်မဘက်သို့ လှည့်ထားသည်၊ အမေရိကန်စာရေးဆရာမတစ်ဦး လက်ဆောင်ပေးသော မီးတိုင်ညှိထွန်းပြထားသည့် လွတ်လပ်ရေးရုပ်တုကို စွယ်စုံကျမ်းအပေါ်၌တင်ကာ နေရာပြင်ထားသည်။ စိတ်ရှုပ်လျှင် ကျွန်မ သည်လိုလုပ်တတ်သည်။ ဟိုနေရာက သည်ရွှေ့၊ သည့်နေရာက ဟိုရွှေ့။ ရှမ်းပြည်နယ်ကဝယ်လာသော ကျောက်ဖြူခြင်္သေ့ကို ကရင်မလင်နန်းတော်ရှေ့၌ ထားလိုက်သည်။ လောပြည်မှ ဆင်ကိုလည်း ယိုးဒယားဝတ်လစ်စလစ်မယ်ခြေရင်း၌ ဝပ်စင်းစေလိုက်လေသည်။ စာရေးစားပွဲပေါ်ရှိ မြင်ကွင်းဘစ်ခုလုံး ပြောင်းလဲသွားတော့သည်။ ကြွေပန်းစိုက်အိုးမှ ပန်းများသည် လန်းစိုလာကြပေပြီ။ ကြာပွင့်များသည် နီမြန်းလာကြပေပြီ။ လိပ်ပြာတို့သည် ပျော်မြူးနေကြ၏။

ကျွန်မသည် ခြံထဲသို့ ဆင်းခဲ့သည်။

ကျွန်မယောကျ်ားမှာ ကျွန်မနှင့်မရခင်ကတည်းက ကုက္ကိုင်းဘက်ရှိ သူ၏အမွေရသော ခြံကြီးထဲ၌ နှစ်ထပ်တိုက်ခံကလေးတစ်လုံး ဆောက်ထားခဲ့သည်။ ခြံကြီးမှာ အကျယ်ကြီးဖြစ်၍ ဝါးပင်များပတ်ကာထားသည်။ အိမ်ကို ရေကန်ကြီးရှေ့၌ ဆောက်ထားလေသည်။ အိမ်ရှေ့မြက်ခင်းကလေးမှ အောက်အနိမ့်ကလေးကို ဆင်းလိုက်လျှင် ရေကန်ကြီးသို့ ရောက်လေသည်။

ကျွန်မသည် မြက်ခင်းရှိ ပန်းရုံများအောက်မှ ဖြတ်သန်းကာ ရေကန်ကြီးဆီသို့ လျှောက်ခဲ့ပေသည်။ စိတ်ရှုပ်ရှုပ်ရှိလျှင် ရေကန်ဘေး၌သွားကာ တစ်နေကုန် ထိုင်နေတတ်သည်။ သူနှင့်စကားများ၍ ဤရေကန်သို့ လာထိုင်သည်မှာလည်း အကြိမ်များလှပေပြီ။

mgyoe.com

mgyoe.com


စိမ်းနေသောရေပြင်ကို မြင်လိုက်ရသောအခါ ကြည်လင်အေးမြသောစိတ်သည် နှလုံးသို့ လာရိုက်လေသည်။ ရေကန်ကြီးမှာ ကြာပန်းများဖြင့် ဖုံးလွှမ်းလျက် ရှိပေသည်။ ကြာရွက်ကြီးများသည် ရေပြင်ကို တရစပ်ရုံထားကြသည်။ ကမ်းစပ် ၌ မှော်ပင်များဖြင့် တင်း၍နေ၏။ ရေပြင်မှာ ငြိမ်သက်လျက် မှန်သားကဲ့သို့ ညီညာပြန့်ပြူးလျက်ရှိ၏။ စိမ်းသောကြာရွက်ဝန်းဝန်းများမှာ မှန်သားပေါ်ခင်းထားကြလေသည်။ ကျွန်မသည် ခဲလုံးတစ်လုံးနှင့် ရေထဲသို့ပစ်လိုက်သည်။ ကြာရွက်များသည် လှုပ်ရှားသွားကြကာ ရိုးတံများ ပေါ်လာကြသည်။ ကြာများသည် ရေပြင်နှင့်ထိစပ်လျက်ရှိကြသည်။ ကြာပင်သည် ရေနှင့်အတူ ပွင့်လန်းပေသည်။ မနှစ်နွေက ရေများနည်းသွားသောအခါ သူလည်း နိမ့်ကျသွားလေသည်။ သီတင်းကျွတ်လကား ရေအပြည့်ဆုံးဖြစ်သည်။ ရိုးတံများသည် ရှည်မြင့်တက်လာကာ ရေနှင့်အမျှ ကြာပန်းကို မော့ထားကြလေ၏။ ကြာပွင့်နီနီတို့သည် မှန်သားပေါ်မှ ထိုးထွက်ကာ ဖူးနေကြလေ၏။

ကျွန်မသည် ခဲတစ်လုံး နောက်ထပ်ပေါက်လိုက်ပြန်သည်။

ရေပြင်သည် အဝိုင်း အဝိုင်းကလေးများ ဖြစ်သွားကြသည်။ ကြေးမုံသည် ကွဲကာ အစိမ်းရောင် အရင့်အနုတို့ ရှန်းရင်းဆန်ခတ် ဖြစ်သွားကြလေ၏။ ကျွန်မ၏ ရုပ်ပုံလွှာလည်း ဝါးသွားလေ၏။ ကြာပွင့်နီနီများ၊ ကြာရွက်စိမ်းစိမ်းများလည်း မှုန်ဝါးသွားကြလေ၏။

## (၂)

ကျွန်မယောကျ်ား ကိုစိန်ဓားမှာ ဝင်ငွေကောင်းသူဖြစ်ပေသည်။ စွပ်ကျယ်စက်တစ်ခုတွင် အစုအများဆုံးပါသော ဒါရိုက်တာတစ်ယောက်ဖြစ်သည်။ တောလိုက်ဝါသနာပါသည်။ ဆောင်းတွင်းဘက်ဆိုလျှင် ပဲခူးရိုးမတောင်ဘက်သို့သွားကာ အမဲလိုက်တတ်သည်။ တစ်ခါတစ်ရံ အဖော်ကောင်းလျှင် ပျဉ်းမနားဘက်အထိ ရောက်သည်။

အမှန်ပြောရလျှင် သူနှင့်မရခင်က သူ့အကြောင်းကို ကောင်းကောင်းမသိခဲ့ပေ။ ကျွန်မ၏ဝတ္ထုများကို နှစ်သက်သူ 'စာဖတ်ပရိသတ်' အဖြစ် သိကျွမ်းကာ ခင်မင်ရာမှ လက်ထပ်ခဲ့ခြင်းဖြစ်ပေသည်။

ထိုအခါက ကျွန်မသည် စိတ်ညစ်နေသောအခါဖြစ်သည်။ ကျွန်မသူနှင့် လက်ထပ်

mgyoe.com

mgyoe.com


သောအခါ အသက်(၂၇)နှစ် ရှိပေပြီ။ သူက လက်ထပ်ပါဟုပြောသောညက ကျွန်မက ရှင်းရှင်းပင် ကျွန်မအဖြစ်အပျက်ကို ပြောပြလိုက်သည်။ ကျွန်မနှင့် တက္ကသိုလ်သမဂ္ဂ ဒုတိယဥက္ကဋ္ဌ ကိုနှင်းကြည်။ ကျွန်မတို့အကြောင်းကို ကျွန်မ မိတ်ဆွေအချို့ သိကြသည်။ သို့သော်အများကမူ တလွဲထင်နေကြပေမည်။

"မ ကတော့ ရှင်းရှင်းလင်းလင်းပဲ ပြောတတ်တယ်လေ။ ဘယ်သူ့ကိုမှ လှည့်စားပြီး မယူချင်ဘူး"

ကိုစိန်ဓားသည် ကော်ဇောကို စိုက်ကြည့်နေ၏။

"ဟုတ်တယ်၊ မအကြောင်းကို မခွင်းမချန် သိစေချင်တယ်"

"ကိုယ်သိပါတယ်၊ ကိုနှင်းကြည်နဲ့အကြောင်းလည်း ကိုယ်ကြားပါတယ်။ တစ်ခုပဲ မေးချင်တယ်"

ကျွန်မသည် သူ့ကိုပြုံးကြည့်လိုက်သည်။ ထိုနေ့က ကျွန်မခေါင်း၌ နှင်းဆီဖြူ တစ်ပွင့် စိုက်ပန်ထားသည်။ ရောက်ရောက်ချင်း သူက ကျွန်မ၏နှင်းဆီဖြူ လှကြောင်း ချီးမွမ်းခဲ့သည်။

"မေးပါ... မ ဖြေတာယုံရင်လေ"

"ယုံပါတယ်၊ မ ကို ကျွန်တော်လေးစားပါတယ်။ မ ဟာ အမှန်တရားကို ရေးနေတဲ့ စာရေးဆရာတစ်ယောက်ပဲ"

"ကဲ... ဆိုစမ်းပါဦး"

"ကိုယ်မေးချင်တာက ကိုနှင်းကြည်အပေါ်မှာ ပြတ်စဲ..."

"တော် ကိုစိန်ဓား၊ မနဲ့ ကိုနှင်းကြည်ဟာ အလွန်အကျွံ ကိုယ်ထိလက်ရောက် ဖြစ်ပျက်ခဲ့တဲ့သူတွေ မဟုတ်ဘူးဆိုတာ မ ပြောသားပဲ။ မတို့နှစ်ယောက်ဟာ အမှန်တော့ သူငယ်ချင်းမိတ်ဆွေပဲ၊ တစ်ယောက်ကိုတစ်ယောက် ဖွင့်မပြောကြဘူး။ သူကလည်း မကို လက်ထပ်ပါလို့ တစ်ခါမှ မပြောဖူးပါဘူး။ ချစ်ပါတယ်လို့လည်း မပြောဖူးပါဘူး။ ဒါပေမဲ့ သွားအတူ လာအတူနေကြတယ်။ တစ်ယောက်အကြောင်းကို တစ်ယောက် ကောင်းကောင်းသိကြတယ်။ ရင်းနှီးချစ်ခင်ကြတယ်။ မ စာရေးတာကို သူလေးစားတယ်။ မ နိုင်ငံရေးဆိုတာ နားမလည်ပါဘူး။ တစ်ခါမှ ကိုယ်တိုင်မပါခဲ့ပါဘူး၊ ဒါပေမဲ့ သူဟာ တိုင်းပြည်ကိုချစ်တယ်ဆိုတာ မ နားလည်တယ်။ သူ့ကို မျိုးချစ်စိတ်ရှိသူ ပညာတတ်တစ်ယောက်အဖြစ် မ လေးစားတယ်။ သူအခု တောထဲမှာ မိန်းမရနေတယ် ကြားတယ်။ ဒါပဲ။ သည့်ထက်လည်း မမှာ ပြောစရာမရှိဘူး"

mgyoe.com